# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လကွယ် ၊ တနင်္လာနေ့ ၊ (26-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

## ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကိုဖော်ဆောင်သွားနိုင်ရန် လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ဗြိုဟ်ဒေသတိုင်းစစ်ဌာနချုပ် ရွှေဗြိုဟ်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

စာမျက်နှာ ၁၉ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၆ ရက်
အယ်ဒီတာ့အာဘော်

## စားရေရိက္ခာဖူလုံရေး စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ပေး

စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖိရိုးဖလာစိုက်ပျိုးမွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကို ဆောင်ရွက်သွားရန် လိုပေသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များဖြင့် အသိပညာပေးခြင်းများ ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း တာဝန်ယူထားရသည့် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များအလိုက် လုပ်ငန်းများ အောင်မြင်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုပေသည်။

**"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးရည်မှန်းချက်(၂) ရပ်အနက်မှ ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကိုလည်း အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း"** မေ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ခန်းမ၌ ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မှော်ဘီမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့်မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြေကို စနစ်တကျပြုပြင်ခြင်း၊ အောင်ရေရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်စေရန် ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း သီးနှံများထွက်ရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းသည်လည်း အရေးပါလှသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သည်။

ပြည်သူများအားလုံး နေ့စဉ်စားသုံးသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက်ရှိစေရေး ထုတ်လုပ်ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေးဆွဲထားသည့်စီမံကိန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်ရာတွင် သတ်မှတ်ထားသည့်စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်ကြရမည်ဖြစ်သည်။ လက်ရှိထုတ်လုပ်နေမှုများမှာ လုံလောက်မှုမရှိသေးသဖြင့် စီမံကိန်းရေးဆွဲသူများ၊ စီမံကိန်းအပေါ်စီမံဆောင်ရွက်ရေးကြီးကြပ်ရမည့်တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ကြရမည့်ထုတ်လုပ်သူများအနေဖြင့် လူဦးရေနှင့်အညီ Supply နှင့် Demand ကို မျှတမှုရှိစေရေး တွက်ချက်၍ စားရေရိက္ခာဖူလုံမှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာစိုက်ပျိုးမွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကို ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း စားရေရိက္ခာဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်း



**မန္တလေး မေ ၂၅**

၂၀၂၅ ခုနှစ် မေ ၁၉ ရက်နှင့် ၂၀ ရက်ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို မေ ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံပြောကြားရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး နိုင်ငံတော်၏ မူဝါဒများကိုအောင်မြင်စွာအကောင်အထည်ဖော် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍများအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အချိတ်အဆက်မိမိဖြင့် အကောင်းဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တင်ပြလာသည့် စာရင်းဇယားများ တိကျမှန်ကန်ရေး ဂရုပြု ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့် နိုင်ငံတော်၏မူဝါဒများ၊ ရည်မှန်းချက်များအတိုင်း လေးစားလိုက်နာကာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေး အကြံပြုပြောကြားပြီးနောက် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေး အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ရက် ၉၀စပါး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် မေ ၂၅**

ရောဂတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ရက် ၉၀ စပါး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဆန်စပါးဈေးကွက်က ဧပြီလရဲ့ပထမပတ်ကနေ စတင်ပြီး ဝယ်ယူမှုများပြားခဲ့တာပါ။ ဧပြီလထဲမှာ ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရောဝတီတိုင်းဒေသကြီးက ဆန်နဲ့စပါးတွေကို ပြည်တွင်းဆန်ဈေးကွက်ဖြစ်တဲ့ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဆန်စပါးဈေးကွက်က လက်ရှိလဲ စပါးတွေ အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချနေတဲ့စပါးတွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ၁၄၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ လုပ်ငန်းအဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးမည်

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၈၅၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၅၀ စုစုပေါင်းဧက ၂၁၀၀ ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

ပဲခူး မေ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အောက်စီးတီးအရှေ့ကျေးရွာအုပ်စု ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကိုမေ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် ဈေးညောင်ပင်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်းဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာသူကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် တာချီလိတ်မြို့နေ ဦးကျော်သန်း-ဒေါ်ခင်ဌေးမြင့်၊ သမီး မငုဝါကျော်မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၆၆၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ကသာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၆၆၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၉၄၂ ဧကနှင့်ဖူးစားပြောင်း ၁၇၂၅ ဧက စုစုပေါင်း ၄၆၆၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကျောက်ဆည် မေ ၂၅

မန္တလေတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်သမန္တလင်းကျေးရွာ၌ ကျေးရွာနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် သတ္တမအကြိမ်မြောက်ရှိပြီဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၅၉ ဒသမ ၆သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# နေပြည်တော်... 

# ဓနုဖြူမြို့နယ်မှ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၆၆၇၇၅ ဦးထိ လာရောက်လည်ပတ်ခဲ့

ဓနုဖြူ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ဥမ္မာဒန္တီ အပန်းဖြေကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၆၆၇၇၅ ဦးထိ လာရောက်လည်ပတ်အပန်းဖြေခဲ့ကြောင်း ဓနုဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မတ်လအတွင်းက ခရီးသွားဧည့်သည် ၂၁၇၄၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ခရီးသွားဧည့်သည် ၆၆၇၇၅ ဦးထိ လာရောက်လည်ပတ် အပန်းဖြေခဲ့ကြကြောင်း သိရသည်။

''ကမ်းခြေကို တစ်လအတွင်း ခရီးသွားဧည့်သည် အယောက် ၆၀၀၀၀ ကျော် ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ အရင်လတွေကထက် ခရီးသွားတွေများခဲ့ပါတယ်။ လာရောက်လည်ပတ်ခဲ့တဲ့ ခရီးသွားတွေထဲမှာ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက အများဆုံးလာခဲ့တာ တွေ့ရပါတယ်။ ကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ညအိပ်လာရောက်လည်ပတ်တဲ့ဧည့်သည်တွေလဲရှိပါတယ်။ နေ့ချင်းပြန်လာတဲ့ သူတွေလဲရှိခဲ့ပါတယ်"ဟု ဓနုဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန် တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြသည်။

ဓနုဖြူမြို့နယ်က ဥမ္မာဒန္တီ အပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်ပေးနေကြောင်း၊ ဥမ္မာဒန္တီကမ်းခြေကို ၂၀၁၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကမ်းခြေတွင် စားသောက်ဆိုင်များဖြင့် ဒေသထွက်အစားအစာ အမျိုးမျိုး၊ အမှတ်တရလက်ဆောင်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုးတို့ကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ခေါင်းဆောင်ဆိုတာ မိဘဆရာ

ချစ်နိုင်(စိတ်ပညာ)

**❖ ရပ်ထဲရွာထဲမှာပဲ ကြည့်ကြည့်၊ ကိုယ့်နိုင်ငံ နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်အကြောင်းတွေပဲ လေ့လာကြည့်ကြည့်၊ သမိုင်းရာဇဝင်ကို ကြည့်ကြည့်၊ အမိ၊ အဖ၊ ဆရာဆိုတဲ့ သင်္ကေတလက္ခဏာပါတဲ့ ခေါင်းဆောင်များသာလျှင် သူ့ရဲ့လက်အောက်ငယ်သားများရဲ့ ယုံကြည်အားကိုးမှု၊ ထောက်ခံအားပေးမှု၊ ပူးပေါင်းလုပ်ဆောင်တာဝန်ကျေပွန်မှုတွေကြောင့် အောင်မြင်မှုတွေရခဲ့ကြကြောင်း တွေ့ကြရပါလိမ့်မယ်။ ခေါင်းဆောင်ကောင်းဟာ အမိနေရာ၊ အဖနေရာနဲ့ ဆရာသမားနေရာ တာဝန်ကျေကျေလုပ်နိုင်လေလေ ခေါင်းဆောင်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်များလည်း အောင်မြင်လေလေပေါ့။ ❖**

**နိဒါန်း**

လောကဇာတ်ခုံပေါ်မှာ လူတွေဟာကိုယ်ကျရာ ဇာတ်ရုပ်နေရာမှာ ဆီလျော်အောင်၊ အဆင်ပြေအောင် ကပြလှုပ်ရှားနေကြရတာပါ။ ဇာတ်ရုပ်ရဲ့သဘာဝ သဘောလက္ခဏာတွေကတော့ ရှေ့ကလူတွေကြည့် မြင်ပြီး အတုမြင်အတတ်သင်ရင်းနဲ့ပဲ သဘာဝကျ အောင် သရုပ်ဆောင်သွားရတာပါပဲ။

ခေါင်းဆောင်နေရာရောက်လာသူတွေဟာ သူ့တာဝန်အရ ဇာတ်ကောင်သုံးခုရဲ့ အခန်းကဏ္ဍကို လုပ်ဆောင်ကပြကြရပါတယ်။ အရပ်ထဲမှာပဲဖြစ်စေ၊ ရုံးဌာန ကုမ္ပဏီမှာဖြစ်စေ၊ ခရီးသွားအဖွဲ့မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ ခေါင်းဆောင်လုပ်ရတဲ့လူဟာ ပီပီပြင်ပြင်သရုပ်ဆောင်ဖို့ တာဝန်ကျလာတယ်လို့ ဆိုကြပါစို့။ သူဟာ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ်၊ အသက်ကြီးသူဖြစ်ဖြစ်၊ ငယ်ရွယ်သူဖြစ်ဖြစ်၊ ခေါင်းဆောင်နေရာ တာဝန်ယူရသူဟာ ဒီဇာတ်ရုပ်သုံးခုအနေနဲ့ အသက်ဝင်အောင် လှုပ်ရှားကပြရမှာပဲ။

**၁။ မိခင်ဇာတ်ရုပ်**

**၂။ ဖခင်ရဲ့ သရုပ်နဲ့**

**၃။ ဆရာရဲ့နေရာသရုပ်သကန်။**

**အိုးနဲ့ကြိုး**

မြန်မာဆိုရိုးစကားရှိတယ်။ ဒေါင်ဒေါင်မြည်မှ အိုး၊ သုံးလွန်းတင်မှကြိုးတဲ့။ ကြားဖူးကြတဲ့ အစဉ်အလာပါ။ တီးခေါက်စမ်းကြည့်လို့ ဒေါင်ဒေါင်မမြည်ဘဲ ဂွပ်ဂွပ် မြည်ရင် အိုးကွဲ၊ အိုးအက်ပဲ။ ရေထည့်လို့မရ၊ ဆီထည့်လို့မရ၊ ဆန်ထည့်လို့မရ။ ဒေါင်ဒေါင်မြည်တဲ့အိုးဆိုရင်တော့ ဒီအိုးက အိုးကောင်းပဲပေါ့။

သုံးလွန်းတင်မှကြိုးပီပီသသ ခိုင်တယ်၊ စိတ်ချရတယ်။ ကြိုးဆိုတာ အသုံးပြုတဲ့နေရာမှာ ခိုင်မှ သေချာတယ်၊ လုံခြုံတယ်၊ အဆင်ပြေတယ်။ တစ်လွန်းတည်းပါတဲ့ကြိုးက ပြတ်လွယ်တယ်။ နှစ်လွန်းတင်တဲ့ကြိုးလည်း တကယ်တင်းရင် ပြတ်တာပဲ။ သုံးလွန်းတင်တဲ့ကြိုးမှန်ရင်တော့ ဂုန်လျှော်၊ နာနတ်လျှော်၊ ပလတ်စတစ်လျှော်၊ ဘာကြိုးပဲဖြစ်ဖြစ် သူဟာ ကြိုးတာဝန်ကို ကောင်းကောင်းမွန်မွန် ခိုင်မာစွာသုံးလို့ရတာ သေချာတယ်။ အိုးရဲ့လက္ခဏာ၊ ကြိုးရဲ့လက္ခဏာလိုပါပဲ။ ခေါင်းဆောင်ဆိုရင်လည်း ခေါင်းဆောင်ကောင်းဆိုသူတွေမှာတော့ မိဘ၊ ဆရာဆိုတဲ့ အခန်းကဏ္ဍ ကပြသရုပ်ဆောင်ကြရတဲ့ လူသုံးယောက်ရဲ့အနှစ်သာရရှိပါမှ အသွင်သဏ္ဌာန်ကလည်း ဟန်ပါတယ်၊ မာန်ပါတယ်။ ခေါင်းဆောင်နေရာမှာ ပီပီသသ နှစ်နှစ်ကာကာ ဖြစ်ပါလိမ့်မယ်။ ဒီစကားမျိုး၊ ဒီသဘောမျိုးကိုတော့ ပြောတဲ့သူရှိမှာပါ။ ရပ်ထဲရွာထဲက လူကြီးသူမများ နားလည်သိမြင်ကြပြီး သားပါ။ အချို့က ထုတ်ဖော်ပြောဆိုခြင်းသာ မရှိတာ၊ စိတ်ထဲကတော့ သိကြပါတယ်။

**ခေါင်းဆောင်ကောင်း**

ရပ်ထဲရွာထဲမှာပဲ ကြည့်ကြည့်၊ ကိုယ့်နိုင်ငံ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်အကြောင်းတွေပဲ လေ့လာကြည့်ကြည့်၊ သမိုင်းရာဇဝင်ကိုကြည့်ကြည့်၊ အမိ၊ အဖ၊ ဆရာဆိုတဲ့ သင်္ကေတလက္ခဏာပါတဲ့ ခေါင်းဆောင်များသာလျှင် သူ့ရဲ့ လက်အောက်ငယ်သားများရဲ့ ယုံကြည်အားကိုးမှု၊ ထောက်ခံအားပေးမှု၊ ပူးပေါင်းလုပ်ဆောင် တာဝန်ကျေပွန်မှုတွေကြောင့် အောင်မြင်မှုတွေရခဲ့ကြကြောင်း တွေ့ကြရပါလိမ့်မယ်။

ခေါင်းဆောင်ကောင်းဟာ အမိနေရာ၊ အဖနေရာနဲ့ ဆရာသမားနေရာ တာဝန်ကျေကျေ လုပ်နိုင်လေလေ ခေါင်းဆောင်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်များလည်း အောင်မြင်လေလေပေါ့။

မိခင်ရဲ့နေရာ အခန်းကဏ္ဍမှာ တင်ပြစရာ၊ ဖော်ပြစရာတွေ အများကြီးရှိပေမယ့် စာဖတ်သူလည်း သိရှိနားလည်ပြီးသားမို့ အတိုချုံး အနှစ်ချုပ်သာ အထင်ရှားဆုံး တစ်ချက်သာ ပြောပါရစေ။ ဝမ်းနဲ့လွယ် မွေးခဲ့ရသူမို့ ဖခင်ထက်တောင် မိခင်က သားသမီးပေါ် ချစ်တဲ့ ချစ်ခြင်းမေတ္တာဟာ ကြီးမားပြင်းထန်လှပါတယ်။ မိခင်မေတ္တာဇာတ်ကြောင်းတွေ သာဓကပြစရာ အများကြီး ရှိပြီးသားပါ။ ထင်ရှားပြီးသားပေပဲ။

အနောက်တိုင်းစိတ်ပညာ လေ့လာနည်းတွေထဲမှာ စမ်းသပ်မှု စိတ်ပညာဆိုတာလည်း ဘာသာရပ်တစ်ခုပါဝင်တယ်။ ဓာတ်ခွဲခန်း၊ သိပ္ပံခန်းနဲ့ ယုန်ကလေးတွေ၊ ကြွက်ကလေး၊ ပူးကလေးတွေလည်း ပါကြတယ်။

**မိခင်စိတ်**

အကြိမ်ပေါင်းများစွာ စိတ်ပညာစမ်းသပ်ခန်းမှာ စစ်ဆေးစမ်းသပ်မှုရလဒ်အဖြေအရ သတ္တဝါတွေမှာပင် မိခင်စိတ် (Matermal Drive) ဟာ အံ့သြစရာကောင်းလောက်အောင် အပြင်းထန်ဆုံးပဲဆိုတာ လက်တွေ့သိမြင်ကြရတယ်။

ချစ်မိရင်အရူးအမူးပဲဆိုတဲ့သဘောကြောင့် လိင်စိတ်ဟာ စွမ်းအားအပြင်းဆုံးနေမှာပဲလို့ ထင်မှတ်ခဲ့ဖူးတာတွေဟာ မမှန်ဘူးခင်ဗျာ။ လိင်ဆန္ဒစိတ်ထက် မိခင်စိတ်က အဆများစွာ စေ့ဆော်မှုစွမ်းအား ပြင်းထန်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ကဲ ဘာပြောမလဲ။ သတ္တဝါတွေမှာ ဇာတိစိတ်တွေရှိကြတယ်။

မိတ်ဆွေအနေနဲ့ ချစ်ခင်ကြတာရှိတယ်။

ဆွေမျိုးအဖြစ် ချစ်ခင်ကြတယ်။

ချစ်သူအနေနဲ့ ချစ်ခင်တွယ်တာတယ်။

မိခင်အနေနဲ့ သားသမီးကိုချစ်တယ်။

မိခင်ရဲ့မေတ္တာ သံယောဇဉ်ကသာ အခက်အခဲ အတားအဆီး ဘေးဒုက္ခအမျိုးမျိုးကို ဖြတ်သန်းပြီး (အချို့ဆို အသက်ကိုတောင်စွန့်၍) အကြီးမားဆုံး အချစ်နိုင်ဆုံးပါပဲ။

ခေါင်းဆောင်ကောင်းမှာ မိခင်စိတ်ရှိနေရင်တော့ အမှန်တကယ်လေးစားတန်ဖိုးထားစရာ ဖြစ်တာပေါ့။

စာရေးဆရာ ငွေဥဒေါင်းဆိုတာ ရှိခဲ့ဖူးတယ်။ စာရေးဆရာကြီး ရွှေဥဒေါင်းရဲ့ လက်ရင်းတပည့်နှစ်ဦး ရှိခဲ့ဖူးတယ်။ ဆရာသော်တာဆွေနဲ့ ဆရာငွေဥဒေါင်းတဲ့။ ဆရာငွေဥဒေါင်းရေးဖူးတဲ့ သူ့ရဲ့ငယ်စဉ်ဘဝက အမေတစ်ခု သားတစ်ခု(ငယ်စဉ်ကပင် ဖခင်ကွယ်လွန်ခဲ့ပုံရပါတယ်။ မိခင်က ဆင်းဆင်းရဲရဲနဲ့ တစ်ဦးတည်းသော သားလေး သူ့ကို အလေးထားချစ်ရှာတယ်)။ သားကို ထမင်းကျွေးပြီး သူကတော့ ဆန်ပြုတ်ပဲ သောက်ရှာသတဲ့။ သူ့အမေ မိခင်မေတ္တာရဲ့ ကြီးမားပုံ သာဓကတွေကို ဆရာငွေဥဒေါင်း ခေါ် ဦးကြီးမောင်ရေးတာတွေဟာ ရင်ထဲဖိုလှိုက် နှလုံးခိုက်အောင် ဖတ်ခဲ့ဖူးပါတယ်။ ဆရာငွေဥဒေါင်းရေးခဲ့တာတွေထဲမှာ **"ဗုဒ္ဓစာပန်းချီ"** ဇာတ်တော်ဖြစ်စဉ်များ ရှစ်အုပ်တွဲဟာ ထင်ရှားပါတယ်။ စာကောင်းပေကောင်းတွေ ဖတ်ဖူးချင်ရင် ရှာဖတ်သင့်ပါတယ်။ စာကြည့်တိုက်များဆီ သွားရမှာပေါ့။

မိခင်ရဲ့ကြီးမားတဲ့မေတ္တာစွမ်းအားနဲ့ တန်ခိုးကတော့ မြတ်စွာဘုရားက ကျေးဇူးရှင်များကို ဝါစဉ်ရာမှာပင် မာတာ **မိခင်(၁)**၊ ပီတ **ဖခင်က(၂)** ရှေ့နောက်စဉ်ပုံကို သတိပြုမိတယ် မဟုတ်လား။ မိခင်ရဲ့ကျေးဇူးဂုဏ်ဟာ အကြီးမားဆုံးဆိုတာ အားလုံးသိပြီးသားပါ။

**ဖခင်စိတ်**

အဖေ့ရဲ့ကျေးဇူးဂုဏ်ကလည်း ဆပ်လို့မကျေနိုင် မကုန်နိုင်အောင် များပေတာပဲ။ သားသမီးပေါ် အဖေက ကြင်နာ ငဲ့ညှာခဲ့ပုံများအနက် စာရေးသူ လေး၊ ငါး နှစ်သားအရွယ်က အိပ်နေပြီဖြစ်ပေမယ့်(အချိန် ၇ နာရီ၊ ၈ နာရီလောက်ဖြစ်မှာပေါ့)။ ကြက်သားဟင်းချက်တာက နောက်ကျသွားတယ်ဆိုရင် နှိုးကျွေးလေ့ရှိတယ်။ အစားကောင်းကြိုက်တတ်တာ ကလေးသဘာဝပေကိုး။ အဖေက တောင်ပံရိုး၊ ခြေထောက်ရိုး၊ လည်ချောင်းရိုးပဲ စားရှာတယ်။ ရင်အုပ်သား၊ ပေါင်သားဆို ကျွန်တော်ပဲစား။ သားလေး စား။

အမြဲတမ်းထုံးစံဆိုတော့ ကြီးလာတဲ့အထိ အဖေ့ရဲ့ အနစ်နာခံပုံတွေကို တွေးလေတွေးလေ သိမြင်လာလေလေ၊ သားအပေါ်ထားတဲ့ ချစ်ခင်ကြင်နာ ဂရုစိုက်တာတွေ ပိုမိုနားလည်ခဲ့ရပါတယ်။

ဖခင်လိုသဘောလက္ခဏာရှိတဲ့ ခေါင်းဆောင်ဆိုရင် ချစ်ခင်အားကိုးစရာကောင်းတဲ့ ခေါင်းဆောင်ပါ။

**ဆရာသခင်**

အာစရိယ ဆရာများရဲ့ မိမိတပည့်အပေါ်ထားလေ့ရှိတဲ့ စေတနာကလည်း ရေတွက်လို့မကုန်နိုင်အောင် ကျေးဇူးတရားကြီးမားတာ မဟုတ်လား။ အထူး မတင်ပြတော့ပါ။ အကျယ်ဖော်ပြသာဓကတင်စရာ မလိုတော့ပါ။ ကျွန်တော့်ဆရာတွေရဲ့ ကြင်ကြင်နာနာနဲ့ သေသေချာချာ စေတနာထားပြီး လမ်းမှန်ညွှန်ပြသွန်သင်ဆုံးမခဲ့လို့ လူတစ်လုံးသူတစ်လုံး ဖြစ်လာတာလေ။ စာဖတ်သူ စဉ်းစားကြည့်နော်။

ဘဝအဆက်ဆက် ကျင်လည်ကြတဲ့ သံသရာခရီးရှည်ကြီးထဲမှာ အမေအဖြစ်ဆုံရတယ်၊ အဖေအဖြစ် ကြုံရတယ်။ ဆရာသမားများအနေနဲ့ တွေ့ဆုံခဲ့ရတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိရွေးချယ်ထားတာမဟုတ်ဘဲ ရေးရေစက်ကြောင့် ဆုံစည်းခဲ့ကြခြင်းပါလား။

**အမေ** ကို မိမိရွေးချယ်ခဲ့ခြင်းမဟုတ်ခဲ့။

**အဖေ** ကိုလည်း မိမိရွေးခဲ့ခြင်းမဟုတ်ပါ။

**ဆရာ** တွေလည်း မိမိမှာရွေးပိုင်ခွင့်မရှိခဲ့။

**ရွေးခွင့်**

သို့ရာတွင်–

အမေ၊ အဖေ၊ ဆရာနဲ့တူတဲ့ ခေါင်းဆောင်ကောင်းကိုတော့ (ရချင်လည်းရမယ်၊ ရချင်မှလည်း ရလိမ့်မယ်ဆိုသော်လည်း ဘာပဲဖြစ်ဖြစ်) သင့်မှာ ရွေးချယ်ပိုင်ခွင့်ရှိနေတယ်။ ကလေးငယ်၊ လူငယ်တချို့ကိုတော့ မဆိုလိုပါလေ။

ပြည်သူလူထုရဲ့ဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ခံရတဲ့ လူထုကိုယ်စားပြုသူ ကိုယ်စားလှယ်များပါဝင်တဲ့ ပုဂ္ဂိုလ်များနဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို လွှဲအပ်စီမံတဲ့ ဒီမိုကရေစီစနစ်အရ ဥပဒေနဲ့အညီ အုပ်ချုပ်စေခြင်းကို မိမိတို့ကိုယ်တိုင် ဆန္ဒမဲပေးခွင့်ရခြင်း၊ ဒါဟာ ဒီမိုကရေစီရဲ့ အရင်းအမြစ် အခြေခံမဟုတ်လား။

လူတိုင်းဆန္ဒမဲပေးပိုင်ခွင့်ရှိတာတော့ မဟုတ်ဘူး။ ဥပဒေနဲ့အညီ မြို့နယ်ကိုယ်စားလှယ်အတွက် ဒေသလွှတ်တော်အနေနဲ့ရယ်၊ ပြည်ထောင်စုလွှတ်တော်ရယ်၊ အမျိုးသားလွှတ်တော်ရယ် နိုင်ငံသားတိုင်းက ဆန္ဒမဲပေး ရွေးချယ်ခွင့်ရှိပါတယ်။

အရွေးခံမယ့်သူတွေက အသက်ကန့်သတ်ချက်ကိုက်ညီရမယ်။ နိုင်ငံသား အမိအဖကမွေးလာသူဖြစ်ရမယ်။ ကိုယ်ကျင့်တရား ကောင်းရမယ်။ သာသနာ့ဝန်ထမ်းမဟုတ်ရ။ ဥပဒေကျူးလွန်လို့ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသား(ထောင်သား)မဟုတ်ရ။ ထိုက်သင့်တဲ့ အာမခံချက်နဲ့ ပညာအရည်အချင်းရှိရမယ်။

ဆန္ဒမဲပေး ရွေးချယ်ခွင့်ရှိသူတွေကတော့ ယေဘုယျအားဖြင့် နိုင်ငံသူ နိုင်ငံသား အားလုံးပါပဲ။ သို့သော် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမယ်။

သာသနာ့နွယ်ဝင်မဖြစ်ရပါ။

ထောင်သားမဟုတ်ရပါ။

ရူးသွပ်သူမဖြစ်ရပါ။

သူတစ်ပါးဖြားယောင်း၊ ခြိမ်းခြောက်၊ လှည့်စား၊ ဆွဲဆောင်မှုမပါဘဲ မိမိစိတ်ဆန္ဒအတိုင်း ပေးနိုင်တယ်။

နိုင်ငံသားတစ်ယောက်အနေနဲ့ မဲပေးချင်လည်း ပေးလို့ရတယ်။ မပေးဘဲ နေချင်လည်း နေလို့ရတယ်။

ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဟန့်တားခွင့်၊ တားဆီးခွင့်၊ ပိတ်ပင်ခွင့်မရှိပါဘူး။ ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲဟာ အဓိကအရေးကြီးလှတဲ့ အစိုးရရွေးချယ်ပွဲသဘောပဲမို့ မိမိကြိုက်ရာကို လွတ်လပ်စွာ (ဘယ်သူမှသိခွင့်မရှိ၊ ပြောပြနေစရာလည်း မလို) ရွေးချယ်ခွင့်ရတဲ့ လူ့အခွင့်အရေး ဖြစ်ပါတယ်။

စာရေးသူက ဘယ်သူ့ကို မဲပေးစေချင်တာလဲ၊ ဘယ်သူ ဘယ်ဝါမရှိပါ။ ကိုယ်တိုင်ကြိုက်ရာကိုရွေးပြီး ရဲရဲပေးလိုက်ပါ။ မပေးခင်တော့ စဉ်းစားပေါ့။ ဘာစဉ်းစားရမှာလဲ မေးလာရင် ခေါင်းဆောင်နေရာပေးဖို့ ရွေးရမယ့်လူရဲ့ အင်္ဂါရပ်၊ စိတ်နေစိတ်ထားလေးတော့ အကဲခတ်သင့်တာပေါ့။ ဥပမာ–

**"လူတစ်ယောက်ဟာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။**

**အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။**

**လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမယ်။**

**ကြည်ညိုထိုက်သူဖြစ်အောင် ပေးဆပ်နိုင်သူဖြစ်သင့်ပါတယ်။"**

**နိဂုံး**

အဲလိုလူစား မတွေ့လို့ မပေးချင်ဘူးဆိုလည်း သဘောပဲ။ မပေးဘဲနေလည်း (လွတ်လပ်ခွင့်ရှိလို့) ရပါတယ်။ ဘယ်သူ ဘယ်ဝါရဲ့ တိုက်တွန်း ခြိမ်းခြောက်မှုမျိုးမဆို ကြောက်စရာမလို၊ ဒူးထောက်စရာမလိုပါ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၉၆၈၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၉၆၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်း ဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံဧက ၈၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပြောင်းသီးနှံများစိုက်ပျိုးရာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့်ပိုးသတ်ဆေးများပြုလုပ်သုံးစွဲတတ်စေရေး စသည့် အသိပညာများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဖျာပုံမြို့နယ် ကံကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဖျာပုံ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂျိုဝါထလွန်ကျေးရွာအုပ်စု ကံကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကံကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ ထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နွဲ့ယဉ်

## မိုးရာသီ သတိ

\- ဧရာဝတီ စစ်တောင်းနဲ့
ရေကြောင်းက ချင်းတွင်းပါ၊
မြစ်သံလွင် ရွာသောမိုး
ရေတိုးလို့လာ၊
ရေကြီးသတင်း နားထောင်ကာ
ရွှေ့ပြောင်းစွာ နေထိုင်ဖို့၊
မြစ်ကမ်းအနားမှာဖြင့်
ကမ်းပါးပြို ဒုက္ခကင်းအောင်၊
သတင်းဖတ်စို့။

\- မိုးရာသီ ရေတွေတက်
ဆင်ခြင်လျက် စောင့်ကြည့်လေ၊
ကျွဲ၊ နွားမကျန် စောစောပြောင်း
လမ်းကြောင်းရွေးစေ၊
ကလေးများနဲ့ပစ္စည်းတွေ
ရိက္ခာအခြေလည်း မပျက်စီး၊
ဘေးအန္တရာယ်
လွဲစေတယ် ပြင်ဆင်မှုနဲ့၊
ကြည့်ရှုဖြည့်ဆည်း။

\- ကာကွယ်ပါ အများစုမို့
တည်ထောင်ပြု ကောင်းကျိုးမြင်၊
လက်တွဲလေ စည်းလုံးရေး
ကူဖေးလို့ပြင်၊
ပရဟိတ လုပ်ငန်းခွင်
ကယ်ဆယ်လျှင် ဘေးမရောက်၊
ကောင်းခြင်းစုံ
ရောင်းရင်းအကုန် အတွေးလှကွယ်
စံပြလှမ်းလျှောက်။ ။

ရွှေမြိုင်သူ(မြန်မာစာ)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# အီကွေဒေါနိုင်ငံ သမ္မတအဖြစ် ဒန်နီယယ် နိုဘိုဝါ ကျမ်းသစ္စာကျိန်ဆို



ကွီတို မေ ၂၅

စီးပွားရေးလုပ်ငန်းရှင် လက်ရှိ အီကွေဒေါသမ္မတ ဒန်နီယယ် နိုဘိုဝါသည် ငါးနှစ်သက်တမ်းရှိ အီကွေဒေါသမ္မတရာထူးအတွက် မေ ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

သမ္မတရာထူး ရယူထားစဉ်အတွင်း အီကွေဒေါနိုင်ငံ ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများပြဿနာကို ထိထိရောက်ရောက် ဖြေရှင်း၍ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ရန်ကြိုးပမ်းမည်ဖြစ်ကြောင်း သမ္မတ ဒန်နီယယ် နိုဘိုဝါက ကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်း၌ ကတိပြုခဲ့သည်။

သမ္မတနိုဘိုဝါ၏ သမ္မတရာထူး ဒုတိယသက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲကို ကွီတိုမြို့ အမျိုးသားလွှတ်တော်အဆောက်အအုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုဘိုဝါသည် လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုကို ရှောင်ရှားရေးအတွက် ရာထူးမှနုတ်ထွက်ပေးခဲ့သော သမ္မတဟောင်း ဂီလာမိုလက်ဆို၏ လက်ကျန်ရာထူးသက်တမ်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဆက်လက်ရယူခဲ့သူဖြစ်သည်။

သို့ရာတွင် ယခုနှစ် ဧပြီလအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ ပြိုင်ဘက် လက်ဝဲဝါဒီ သမ္မတလောင်း လွီဆာ ဂွန်ဇာလက်အား အနိုင်ရခဲ့ပြီး အီကွေဒေါသမ္မတရာထူးကို ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၇ နှစ်အရွယ် သမ္မတ ဒန်နီယယ် နိုဘိုဝါသည် အီကွေဒေါနိုင်ငံသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးသမ္မတဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းစေလွှတ်ခဲ့သည့် မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀ ခန့်ကို ရုရှားပစ်ချ

ကီယက်ဗ် မေ ၂၅

ယူကရိန်းနိုင်ငံက စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်အစင်း ၁၀၀ ခန့်ကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ယနေ့တွင် ကြားဖြတ် ဖျက်ဆီးခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များအနေဖြင့် ယနေ့တွင် မော်စကိုဒေသကြီးအပါအဝင် ရုရှားဒေသကြီးလေးခုတို့၌ ယူကရိန်းမောင်းသူမဲ့လေယာဉ် ၉၅ စင်းကို ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မော်စကိုမြို့အနီး ကြားဖြတ်ပစ်ချနိုင်ခဲ့သည့် ယူကရိန်းမောင်းသူမဲ့လေယာဉ်အစင်းရေမှာ ၁၁ စင်းထိရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ယူကရိန်းမောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် မော်စကိုမြို့အတွင်းရှိ အဓိကလေဆိပ်သုံးခုကို ယာယီပိတ်ခဲ့ရကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားတပ်များသည် ယူကရိန်းစစ်မြေပြင်၌ အရေးသာလျက်ရှိပြီး ဒွန်းနက်ဒေသ၌ လူနေဒေသနှစ်ခုကို ထပ်မံသိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ငါးပုံ တစ်ပုံကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်ဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတတို့ ဂျကာတာမြို့၌ တွေ့ဆုံဆွေးနွေး



ဂျကာတာ မေ ၂၅

သုံးရက်ကြာ အလုပ်သဘောခရီးစဉ်အဖြစ် ဂျကာတာမြို့သို့ ရောက်ရှိနေသည့် တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်းသည် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုနှင့် ယနေ့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်နှင့် အင်ဒိုနီးရှားတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို အရှေ့တောင်အာရှဒေသ ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝရေးတို့အတွက် အရေးကြီးသည့် နှစ်နိုင်ငံဆက်ဆံရေးအဖြစ် တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

ထို့ပြင် အရှေ့တောင်အာရှဒေသကို ဘေးကင်းလုံခြုံသော၊ ကြွယ်ဝချမ်းသာသောဒေသအဖြစ်သို့ ပြောင်းလဲပေးရန် တရုတ်နှင့် အင်ဒိုနီးရှားတို့၌ တာဝန်ရှိကြောင်းလည်း အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

အလားတူ တောင်တရုတ်ပင်လယ်ဒေသ၌ ပဋိပက္ခများ၊ တင်းမာမှုများကို ထိန်းချုပ်ရေးအတွက် တောင်တရုတ်ပင်လယ်ဒေသ စည်းမျဉ်းဥပဒေသများရယူရေး လုပ်ငန်းစဉ်များကိုလည်း အင်ဒိုနီးရှားနိုင်ငံက ဆက်လက်ထောက်ခံအားပေးနေမည်ဖြစ်ကြောင်း သမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ် ဒေသတစ်ခုလုံးနီးပါးအား ပိုင်ဆိုင်ခွင့်တောင်းဆိုထားချိန်တွင် အရှေ့တောင်အာရှနိုင်ငံအချို့ကလည်း ၎င်းပင်လယ်ဒေသကို တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်ရရန် တရုတ်နိုင်ငံနှင့်အပြိုင် တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှု ဆက်လက်လုပ်ဆောင်

မော်စကို မေ ၂၅

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အစ္စတန်ဘူလ်ဆွေးနွေးပွဲမှ ရရှိခဲ့သည့် သဘောတူညီချက်အရ အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုအစီအစဉ်ကို မေ ၂၄ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မေ ၂၄ ရက် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုအစီအစဉ် အတွင်း ရုရှားအကျဉ်းသား ၃၀၇ ဦးနှင့် ယူကရိန်းအကျဉ်းသား ၃၀၇ ဦးတို့ ပြန်လည်လွတ်မြောက်လာခဲ့ကြကြောင်း သိရသည်။

မေ ၂၃ ရက်တွင် စတင်ခဲ့သည့် အဆိုပါ အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှု အစီအစဉ်သည် သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲကာလတစ်လျှောက် ရုရှားနှင့် ယူကရိန်းတို့ပြုလုပ်ခဲ့ဖူးသမျှ အကြီးမားဆုံး အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုဖြစ်သည်။




ရုရှားနှင့် ယူကရိန်းတို့သည် အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုဖြင့် ပြီးခဲ့သည့် မေ ၁၆ ရက်တွင် တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ သုံးနှစ်တာကာလတွင်း ပထမဆုံး နှစ်နိုင်ငံတိုက်ရိုက်ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့သည်။

အစ္စတန်ဘူလ်ဆွေးနွေးပွဲတွင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရယူနိုင်ခဲ့သော်လည်း အကျဉ်းသားဦးရေ ၁၀၀၀ စီ ပြန်လွှတ်ပေးရန် သဘောတူခဲ့ကြသည်။

အစ္စတန်ဘူလ် သဘောတူညီချက်အရ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ယနေ့တွင်လည်း အကျဉ်းသားများကို ဆက်လက်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယကမ်းလွန်၌ ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများသယ်ဆောင်ထားသော ကုန်သေတ္တာတင်သင်္ဘော နစ်မြုပ်

ဒေလီ မေ ၂၅

ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ သယ်ဆောင်ထားသော လိုက်ဘေးရီးယားမှတ်ပုံတင် ကုန်သေတ္တာတင် သင်္ဘောတစ်စီး အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ် ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်ခဲ့ကြောင်း အိန္ဒိယရေတပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမ်အက်စ်စီ အယ်လ်ဆာ-၃ အမည်ရှိ အဆိုပါကုန်သေတ္တာတင်သင်္ဘောသည် မေ ၂၄ ရက်တွင် စတင် နပ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယရေတပ်၏ အဆိုအရ သိရသည်။

ကိုယ်ထည်အလျား ၁၈၄ မီတာရှိသော အမ်အက်စ်စီ အယ်လ်ဆာ-၃ သင်္ဘောသည် အိန္ဒိယနိုင်ငံ ဗီဟင်ဂျစ်ဆိပ်ကမ်းမှ ကိုချီမြို့ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေစဉ် ကီရာလာပြည်နယ်ကမ်းလွန်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုန်သေတ္တာတင်သင်္ဘောပေါ်၌ လိုက်ပါလာသူရေယာဉ်ဝန်ထမ်း ၂၄ ဦးကို အိန္ဒိယရေတပ်က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အက်စ်စီ အယ်လ်ဆာ-၃ သင်္ဘောသည် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများထည့်သွင်းထားသော ကုန်သေတ္တာ ၁၃ လုံး၊ ကယ်လ်စီယမ်ကာဗိုက် ဓာတုပစ္စည်းကုန်သေတ္တာ ၁၂ လုံး အပါအဝင် ကုန်သေတ္တာအလုံးပေါင်း ၆၄၀ သယ်ဆောင်ထားကြောင်း အိန္ဒိယရေတပ် တာဝန်ရှိသူများက ပြောကြားထားသည်။

၎င်းကုန်သေတ္တာတင်သင်္ဘောသည် ကိုချီမြို့၏အနောက်တောင်ဘက် ရေမိုင် ၃၈ မိုင်အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးနှစ်ဦး တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ မြေပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့



**ပေကျင်း မေ ၂၅**

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ရှန်ကျိုး-၂၀ အာကာသ ယာဉ်မှူးနှစ်ဦးသည် တီယန် ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ မြေပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း မေ ၂၆ ရက်သတင်းများအရသိရသည်။

တရုတ် အာကာသယာဉ်မှူး နှစ်ဦးသည် မေ ၂၂ ရက်က တီယန် ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာစဉ် အာကာသအမှိုက် ကာကွယ်ရေးဒိုင်းများကို တပ်ဆင် ပေးခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ် မှူးနှစ်ဦး၏ တီယန်ကောင်း အာ ကာသစခန်းယာဉ် ပြင်ပသို့ထွက် ခွာချိန်သည် ရှစ်နာရီ ကြာမြင့်ခဲ့ ကြောင်း သိရသည်။

တီယန်ကောင်း အာကာသ စခန်း အာကာသယာဉ်မှူးများသည် အာကာသစခန်း စတင်လုပ်ငန်း လည်ပတ်ချိန်မှစ၍ မေ ၂၄ ရက် ထိ အာကာသစခန်းပြင်ပ ထွက်ခွာ မှုပေါင်း ၁၉ ကြိမ်ထိ ပြုလုပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ် မှူး သုံးဦးသည် ခြောက်လကြာ မစ်ရှင်အတွက် တီယန်ကောင်း အာကာသစခန်းသို့ ယခုနှစ် ဧပြီ ၂၄ ရက်တွင် ရောက်ရှိခဲ့ပြီး ရှန် ကျိုး-၁၉ အာကာသယာဉ်မှူးများ ထံမှ လုပ်ငန်းတာဝန်များကို လွှဲ ပြောင်းရယူခဲ့သည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ယခုနှစ်အတွင်း ရှန်ကျိုး-၂၁ အာကာသယာဉ်ဖြင့် အာကာသယာဉ်မှူး သုံးဦးကို တီယန်ကောင်း အာကာသစခန်း သို့ ပို့ဆောင်မည်ဖြစ်သည်။

Ref : Xinhua News

Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်ဂြိုဟ်တု ၂၃ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၂၅**


အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် မေ ၂၄ ရက်တွင် စတားလင့်ဂြိုဟ်တု ၂၃ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတား လင့်ခ်ဂြိုဟ်တု ၂၃ စင်းကို သယ် ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည် နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်း မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ် ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ် သည် ပစိဖိတ်သမုဒ္ဒရာရေပြင် အတွင်းအသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ ကြောင်း သိရသည်။

အဆိုပါ ဖယ်လ်ကွန်-၉ ပင်မ ဒုံးယာဉ်သည် ၁၈ ကြိမ်မြောက် အဖြစ် အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံပင်မဒုံးယာဉ် ပြန်လည်ဆင်း




သက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံ များ၏ အကြိမ် ၄၅၀ မြောက် အောင်မြင်စွာပြန်လည်ဆင်းသက် မှုဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့် အကြာတွင်မှ ဖယ်လ်ကွန်-၉ ဒုံးပျံ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတား လင့်ခ်ဂြိုဟ်တု ၂၃ စင်းကို သက် ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင် ပေးနိုင်ခဲ့သည်။

မေ ၂၄ ရက်စတားလင့်ခ်မစ်ရှင် သည် Space-X ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်အတွက် ၆၁ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်ရေးအတွက် နိုင်ငံတကာအာကာသစခန်းမှထွက်ခွာလာပြီဖြစ်

**ဝါရှင်တန် မေ ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာ ကာသကုန်တင်ယာဉ်သည် ကမ္ဘာ မြေ အပြန်ခရီးစဉ် စတင်ရေး အတွက် မေ ၂၄ ရက်တွင် နိုင်ငံ တကာ အာကာသစခန်းမှ ထွက်ခွာ လာပြီဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် မူလ မေ ၂၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ထွက်ခွာရန် စီစဉ်ထားသော်လည်း ကမ္ဘာပေါ်ရှိ ရာသီဥတုအခြေအနေ ကြောင့် မေ ၂၄ ရက်မှပင် ထွက်ခွာ လာခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ္ဘာမြေပြင် အထက် အမြင့်မိုင် ၂၆၀ တွင် ရှိသော ပတ်လမ်းပေါ်တွင် နိုင်ငံ တကာအာကာသစခန်းမှ ထွက်ခွာ ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန်အာကာသကုန်တင် ယာဉ်သည် မေ ၂၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ကမ်း လွန်ရေပြင်အတွင်း ပြန်လည်ဆင်း သက်နိုင်ဖွယ်ရှိသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်းပေါ်၌ ပြုလုပ်ထားသည့် သိပ္ပံ ပညာစမ်းသပ်ပစ္စည်းများကို ပြန် လည် သယ်ယူလာမည်ဖြစ် ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အဆို ပါ ဒရာဂွန် အာကာသကုန်တင် ယာဉ်ကို ဧပြီ ၂၁ ရက်တွင် ဖယ်လ် ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆီးကျိတ်ကင်ဆာတစ်ကျော့ပြန်ပေါ်နိုင်ခြေကို ဆီးချိုရောဂါဆေးတစ်မျိုးက တားဆီးပေးနိုင်

**စတော့ဟုမ်း မေ ၂၅**

ဆီးချိုရောဂါ ဆေးတစ်မျိုး သည် ဆီးကျိတ်ကင်ဆာရောဂါ တစ်ကျော့ပြန် ပေါ်လာနိုင်မှုကို တားဆီး ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၂၄ ရက်တွင် ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ Pioglitazone အမည်ရှိ ဆီးချို ဆေးတစ်မျိုးသည် ဆီးကျိတ်ကင် ဆာရောဂါ တစ်ကျော့ပြန်ပေါ်လာ နိုင်ခြေကို တားဆီးပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့လေ့လာ စမ်းသပ်မှုများမှ ပေါ်ထွက်လာ သောရလဒ်များအရ ဆီးချိုရောဂါ ကြောင့် Pioglitazone သုံးစွဲနေ ရသော ဆီးကျိတ်ကင်ဆာလူနာ များ၌ ဆီးကျိတ်ကင်ဆာတစ်ကျော့ ပြန်ပေါ်ထွက်မှုမရှိသည်ကို တွေ့ရ ကြောင်း ဆွီဒင်သုတေသနပညာ ရှင်များက ပြောကြားသည်။

ထို့ပြင် ဆွီဒင်သုတေသနပညာ ရှင်များသည် Pioglitazone ဆေး ကို ဓာတ်ခွဲခန်းအတွင်း ဆီးကျိတ် ကင်ဆာဆဲလ်များဖြင့် ထပ်မံ စမ်းသပ်ခဲ့ရာ ၎င်းဆေးသည် ကင်ဆာဆဲလ်များ ကြီးထွားမှုနှုန်း ကို လျှော့ချပေးနိုင်သည်ကို ဖော် ထုတ်တွေ့ရှိခဲ့ရသည်။

ထို့ပြင် Pioglitazone ဆေး သည် ဆီးကျိတ်ကင်ဆာဆဲလ်များ ၏ ဇီဝဓာတုဖြစ်စဉ်များကိုလည်း ပြောင်းလဲပေးနိုင်ကြောင်း၊ သို့ရာ တွင် Pioglitazone ဆေး၏ ဆီးကျိတ်ကင်ဆာ ရောဂါများ အပေါ် အကျိုးသက်ရောက်မှုကို အတည်ပြုနိုင်ရေးအတွက် သုတေ သနလုပ်ငန်းများ ဆက်လုပ်ရန်လို ကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ဆီးချိုလူနာများ၌ ကင်ဆာရောဂါများဖြစ်နိုင်ခြေကို GLP-1 အုပ်စုဝင်ဆေးများ လျှော့ချပေးနိုင်

**နယူးယောက် မေ ၂၅**

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင် ဆေးများသည် ဆီးချိုရောဂါလူနာများ၌ ကင်ဆာ ရောဂါများဖြစ်နိုင်ခြေကို လျှော့ချ ပေးနိုင်ကြောင်း သုတေသနပညာ ရှင်များက မေ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးယောက် တက္ကသိုလ်မှ သုတေသနပညာရှင် များသည် ဆီးချိုရောဂါနှင့်အဝလွန် မှုပြဿနာရှိနေသူလူနာ ၁၇၀၀၀၀ တို့၏ ကျန်းမာရေးမှတ်တမ်းများ ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာ သည့် ရလဒ်များအရ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲသည့် လူနာများနှင့် နှိုင်းယှဉ်ပါက အဝ လွန်မှုနှင့် ဆက်စပ်နေသော ကင် ဆာရောဂါများဖြစ်နိုင်ခြေ ခုနစ် ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ထို့ပြင် GLP-1 အုပ်စုဝင်ဆေး များသုံးစွဲသည့်လူနာများမှာအခြား ဆီးချိုဆေးများ သုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ရောဂါဘယတစ်မျိုး မျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ မှာလည်း ရှစ်ရာခိုင်နှုန်းပိုနည်းပါး သည်ကို တွေ့ရကြောင်း အမေ ရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် GLP-1 အုပ်စုဝင် ဆေးများနှင့် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေကျဆင်းမှုတို့ကြား မည် သို့ဆက်နွှယ်နေသည်ကို သုတေ သနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

အမေရိကန် သုတေသနပညာ ရှင်များ၏ အဆိုအရ အဝလွန်မှု နှင့်ဆက်စပ်နေသော ကင်ဆာ ရောဂါများမှာ တစ်ဒါဇင်ကျော်ထိရှိ ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# စီးရီးအေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို မက်တွန်မီနေးဆွတ်ခူး

ရောမ မေ ၂၅

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို နာပိုလီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား မက်တွန်မီနေးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ မက်တွန်မီနေးသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နာပိုလီအသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီ၌ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မက်တွန်မီနေးသည် နာပိုလီအသင်း အီတလီစီးရီးအေပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ချန်ပီယံဆုအတွက် နောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ကက်ဂလီယာရီအသင်းနှင့် ပွဲစဉ်တွင်လည်း အသင်းအတွက် အရေးပါသည့် ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့သူဖြစ်သည်။

မက်တွန်မီနေးသည် ယခုနှစ် ဘောလုံးရာသီ နာပိုလီအသင်းနှင့်အတူ ၃၄ ပွဲ ပါဝင်ကစားခဲ့ရာ ၁၂ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA



## အားကစားသတင်းအတိုအထွာများ

- စပိန်လာလီဂါ ပွဲစဉ်များပြီးဆုံးချိန်တွင် လီဂါနက်စ်အသင်းက ဗယ်လာဒိုးလစ်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သော်လည်း ပြိုင်ဘက်အသင်းဖြစ်သည့် အက်စ်ပန်ညိုအသင်းက လက်ပါးမက်အသင်းကို နိုင်ပွဲရရှိခဲ့သည့်အတွက် လီဂါနက်အသင်း အနေဖြင့် ဗယ်လာဒိုးလစ်အသင်း၊ လက်ပါးမက်အသင်းတို့နှင့် အတူ စပိန်လာလီဂါ-၂ သို့ ပြန်လည်တန်းဆင်းခဲ့ရကြောင်း သိရသည်။
- ပြင်သစ်ကိုပါဒီဖလား ဖိုလ်လုပွဲစဉ်တွင် ရိမ်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပီအက်စ်ဂျီအသင်းက ဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီ ပြည်တွင်းဖလားအားလုံး ဆွတ်ခူးရရှိခဲ့သည်။
- လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာမည်ဟု ဂါနာချိုက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ML

# ၁၉၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးပိုကယ်ဖလားကို စတုဂတ်အသင်း ဆွတ်ခူး



ဘာလင် မေ ၂၅

ဂျာမန်ပိုကယ်ဖလား ဖိုလ်လုပွဲအဖြစ် တတိယတန်းကလပ် ဘီလီဖီးအသင်းနှင့် ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းတို့ ကစားခဲ့ရာ စတုဂတ်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် ၁၉၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပိုကယ်ဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စတုဂတ် အသင်းသည် ဘီလီဖီးအသင်းကို တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ပွဲချိန် ၁၅ မိနစ်၊ ပွဲချိန် ၂၂ မိနစ်နှင့် ပွဲချိန် ၂၈ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် ဘီလီဖီးအသင်းက ချေပဂိုးရရှိရေး လူစားလဲမှုများပြုလုပ်ခဲ့ရာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း စတုဂတ်ဂိုးသမား နူဘယ် လက်စွမ်းပြသနိုင်မှုကြောင့် ချေပဂိုးမရရှိခဲ့သည့်အပြင် ပွဲကစားချိန် ၆၆ မိနစ်အရောက်တွင် စတုဂတ်အသင်းကသာ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီးနောက် စတုဂတ်အသင်းက ပြိုင်ပွဲကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့သောကြောင့် ပွဲချိန် ၈၂ မိနစ်နှင့် ပွဲချိန် ၈၅ မိနစ်တို့တွင် ဘီလီဖီးအသင်းက ချေပဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် စတုဂတ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

စတုဂတ်အသင်းသည် ၁၉၉၇ ခုနှစ်ကလည်း ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် တတိယတန်းကလပ် ကော့ဘက်စ်အသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရယူ၍ ဆုဖလားရရှိခဲ့ပြီး နောက်ပိုင်း ပိုကယ်ဖလားပြိုင်ပွဲတွင် ဖိုလ်လုပွဲနှစ်ကြိမ်တက်ရောက်ခဲ့သော်လည်း ဒုတိယဖြင့်သာ ပြီးဆုံးခဲ့ကာ ၂၈ နှစ်အကြာမှသာ ပထမဆုံးချန်ပီယံဆုဖလား ပြန်လည်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# အမျိုးသမီးချန်ပီယံလိဂ် ဖိုလ်လုပွဲတွင် အာဆင်နယ်အမျိုးသမီးအသင်း ချန်ပီယံဆု ဆွတ်ခူး

လန်ဒန် မေ ၂၅

ယခုနှစ်ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ဖိုလ်လုပွဲတွင် အာဆင်နယ် အမျိုးသမီးအသင်းနှင့် လက်ရှိချန်ပီယံ ဘာစီလိုနာ အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ အာဆင်နယ်အမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ၁၈ နှစ်အကြာမှ ပထမဆုံး ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အမျိုးသမီးအသင်းသည် ယခုနှစ် ချန်ပီယံလိဂ် အုပ်စုအဆင့်တွင် ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်၊ ဗယ်လာရန်ဂါ အသင်းတို့နှင့် တွေ့ဆုံခဲ့သော်လည်း အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ် အသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် လိုင်ယွန် အသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့တွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဖိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဖိုလ်လုပွဲတွင် လက်ရှိ ချန်ပီယံ ဘာစီလိုနာအမျိုးသမီး အသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲစကတည်းက ဘာစီလိုနာအသင်း၏ ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးမှုကြောင့် တန်ပြန်တိုက်စစ်ဖြင့်သာ ပြန်လည်တုံ့ပြန်နိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၇၄ မိနစ်အရောက်တွင် ဘလက်စတန်းနီးယက်စ်က အာဆင်နယ် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ ချန်ပီယံဆုရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီက ပထမဆုံး ချန်ပီယံလိဂ်ဆုဖလား ရရှိခဲ့ချိန်တွင် ပရီးမီးယားလိဂ်ဖလား၊ လိဂ်ဖလား၊ အက်ဖ်အေဖလားတို့ကိုပါ ရယူနိုင်ခဲ့ပြီး ဖလားလေးလုံးရယူနိုင်သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ပြီးနောက် ၁၈ နှစ်အကြာတွင် ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလား နှစ်ကြိမ်ရယူနိုင်သည့် ပထမဆုံး အင်္ဂလန် အမျိုးသမီးအသင်း ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML




# လေဗာကူဆင်အသင်းက တန်ဟတ်ကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိ

ဘာလင် မေ ၂၅

လေဗာကူဆင် အသင်းက ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် နည်းပြအလွန်ဆို၏ နေရာတွင် အစားထိုးရန်အတွက် နည်းပြသစ်အဖြစ် မန်ယူအသင်း နည်းပြဟောင်း တန်ဟတ်ကို ခန့်အပ်ရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

နည်းပြ အလွန်ဆိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အဆင့်(၂)နေရာသို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် လေဗာကူဆင်အသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

နည်းပြတန်ဟတ်သည်လည်း ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလက မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်ခဲ့ပြီး ယခုအခါ လေဗာကူဆင် အသင်းနည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည်။

လေဗာကူဆင် အသင်းက နည်းပြသစ်အဖြစ် အစောပိုင်းက နည်းပြ တန်ဟတ်နှင့်အတူ ကိုမိုအသင်းနည်းပြ ဖာဘရီဂက်စ်တို့နှင့် ဆွေးနွေးမှုလုပ်ဆောင်ခဲ့သော်လည်း နည်းပြ ဖာဘရီဂတ်အနေဖြင့် ကိုမိုအသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေပြီး ဆွေးနွေးမှု အဆင်မပြေခဲ့သည့်အတွက် တန်ဟတ်နှင့် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ လက်ရှိတွင် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# ယခုနှစ်ဘောလုံးရာသီ စကော့တလန်လိဂ်ဖလားကို အာဘာဒင်းအသင်း ဆွတ်ခူးရရှိ



**အီဒင်ဘာ့ဂ် မေ ၂၅**

စကော့တလန် လိဂ်ဖလား ဗိုလ်လုပွဲတွင် အာဘာဒင်းအသင်းနှင့် ဆဲလ်တစ်အသင်းတို့ ကစားခဲ့ရာ အာဘာဒင်းအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အာဘာဒင်း အသင်းသည် စကော့တလန်လိဂ်ဖလားကို ၁၉၉၀ ပြည့်နှစ်က နောက်ဆုံးရယူနိုင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ဗိုလ်လုပွဲပြန်လည်တက်ရောက်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့မှုကြောင့် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရပြီး ယခုနှစ်ပြိုင်ပွဲတွင် ကွင်းပတ်ခ်အသင်း၊ ဟက်စ်အသင်းတို့ကို အနိုင်ယူ၍ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဆဲလ်တစ်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် နိုင်ပွဲရခဲ့ပြီး နှစ်ပေါင်း ၃၅ နှစ်ကြာ ဝေးကွာနေသည့် ဆုဖလားကို ပြန်လည် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဘာဒင်းအသင်းသည် ဆဲလ်တစ်အသင်း၏တောက်လျှောက်ဖိအားပေးမှုကိုသာ ခံခဲ့ရပြီး ဆဲလ်တစ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၃၉ မိနစ်တွင် အာဘာဒင်းအသင်း ကိုယ့်ဂိုးကို သွင်းယူမှုကြောင့် ဦးဆောင်ဂိုးပေးခဲ့ရပြီး ဒုတိယပိုင်းတွင် အာဘာဒင်းအသင်း တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရာ ပွဲကစားချိန် ၈၃ မိနစ်အရောက်တွင် ဆဲလ်တစ်ကစားသမား ကိုယ့်ဂိုးကို သွင်းယူခဲ့မှုကြောင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် အာဘာဒင်းအသင်း ခံစစ်ကစားပုံတိုးတက်လာပြီး ဆဲလ်တစ်အသင်း ဦးဆောင်ဂိုးရရှိရန် ခက်ခဲခဲ့သဖြင့် ဂိုးမရှိ သရေရလဒ်ကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ ပင်နယ်တီတွင် ဆဲလ်တစ်အသင်း ကန်သွင်းချက်ကို အာဘာဒင်းဂိုးသမား မီတို့ဗ်က နှစ်ကြိမ်ကာကွယ်နိုင်ခဲ့သည့်အပြင် အာဘာဒင်းအသင်းက ပင်နယ်တီ လေးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သဖြင့် လေးဂိုး သုံးဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ချန်ပီယံရှစ် play-off ဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည့် ဆန်းဒါးလန်းအသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ



**လန်ဒန် မေ ၂၅**

ချန်ပီယံရှစ် play-off ဗိုလ်လုပွဲအဖြစ် ဝင်ဘာလေကွင်းတွင် ရှက်ဖီး(U)အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ကစားခဲ့ရာ ဆန်းဒါးလန်းအသင်းက လူငယ်ကစားသမား ဝက်ဆွန်၏နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

ဆန်းဒါးလန်း အသင်းသည် play-off ဆီမီးဖိုင်နယ်အဆင့်တွင် ကိုဗင်ထရီအသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့တွင် နှစ်ဂိုး တစ်ဂိုး၊ ဒုတိယအကျော့တွင် တစ်ဂိုးစီ သရေရလဒ်ဖြင့် နှစ်ကျော့ပေါင်း သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ဘရစ္စတိုးအသင်းကို အနိုင်ရခဲ့သည့် ရှက်ဖီး(U) အသင်းနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရှက်ဖီး(U) အသင်းက ပွဲစကတည်းက ဖိအားပေး ကစားနိုင်ခဲ့မှုကြောင့် ဆန်းဒါးလန်းအသင်း အခက်တွေ့ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ကမ်းဘဲလ်က ရှက်ဖီး(U)အတွက် ဦးဆောင်ဂိုးသွင်းယူ၍ ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပိုင်းတွင် ဆန်းဒါးလန်းအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခဲ့ကာ ပွဲကစားချိန် ၇၆ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် လူငယ်ကစားသမား ဝက်ဆွန်က အနိုင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် လိဒ်ယူနိုက်အသင်းနှင့် ဘန်လေအသင်းတို့က တိုက်ရိုက်တန်းတက်နိုင်ခဲ့ပြီးနောက် ဆန်းဒါးလန်းအသင်းက တတိယမြောက် တန်းတက်နိုင်သည့် အသင်းဖြစ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီနောက်ပိုင်း ရှစ်နှစ်အကြာမှ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့် ပြန်လည် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ၃၃ ကြိမ်မြောက် ဖူဆယ်ပြိုင်ပွဲကို အမျိုးသားခြောက်သင်း၊ အမျိုးသမီး ခုနစ်သင်းဖြင့် ကျင်းပမည်

**ရန်ကုန် မေ ၂၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၃၃ ကြိမ်မြောက် ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခြောက်သင်း၊ အမျိုးသမီးပြိုင်ပွဲကို အသင်း ခုနစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၃၃ ကြိမ်မြောက် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ နှစ်ရပ်လုံး၌ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် အာဆီယံဒေသတွင်း ၁၁ နိုင်ငံမှ အိမ်ရှင် ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သွားမည် ဖြစ်သည့်အပြင် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင်လည်း အိမ်ရှင်ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်း၊ မြန်မာအသင်း၊ ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်း စသည့် အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ၃၃ ကြိမ်မြောက် ဖူဆယ်ပြိုင်ပွဲ အမျိုးသားဖူဆယ်ပြိုင်ပွဲကို Gymnasium, Nontha-buri Provincial Stadium တွင် ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို Pending Official Confirmation တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲတွင် Falcon အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Falcon အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် Falcon အသင်းနှင့် ဒဂုံပေ့ါအသင်းတို့ ကစားခဲ့ရာ Falcon အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Falcon အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ကြည်ညီသန့်က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက တောင်ဒဂုံ အားကစားကွင်းတွင် ISPE အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ISPE အသင်း နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ နှင့် ၆၃ မိနစ်တို့တွင် စောအောင်မျိုးဦးက သွင်းယူနိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၉၃ မိနစ်တွင် မင်းထက်သာက သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ၃၃ ကြိမ်မြောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာအသင်း မဲအိုးနံပါတ်(၁)၌ ကျရောက်

**ရန်ကုန် မေ ၂၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးအသင်း အနေဖြင့် မဲအိုးနံပါတ်(၁)တွင် ကျရောက်နေကြောင်း သိရသည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အိမ်ရှင်ထိုင်းအသင်းနှင့်အတူ မြန်မာအသင်း၊ ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယား အသင်း၊ ဖိလစ်ပိုင်အသင်း၊ စင်ကာပူအသင်း၊ မလေးရှားအသင်း၊ လာအိုအသင်းနှင့် အင်ဒိုနီးရှားအသင်း စသည့် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မဲအိုးနံပါတ်(၁)တွင် ထိုင်းအမျိုးသမီးအသင်း၊ မြန်မာအမျိုးသမီးအသင်း၊ ဗီယက်နမ်အမျိုးသမီးအသင်း၊ မဲအိုးနံပါတ်(၂)တွင် ကမ္ဘောဒီးယားအမျိုးသမီးအသင်း၊ ဖိလစ်ပိုင်အမျိုးသမီးအသင်း၊ စင်ကာပူအမျိုးသမီးအသင်း၊ မဲအိုးနံပါတ်(၃)တွင် မလေးရှား အမျိုးသမီးအသင်း၊ လာအိုအမျိုးသမီး အသင်းနှင့် အင်ဒိုနီးရှား အမျိုးသမီးအသင်းတို့ ပါဝင်ခဲ့ကြသည်။

အဆိုပါ ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို သုံးသင်းပါ သုံးအုပ်စုဖြင့် ကျင်းပသွားမည်ဖြစ်ကာ အုပ်စုအဆင့်ပွဲစဉ်များကို ဒီဇင်ဘာ ၄ ရက်မှ ၁၃ ရက်ထိလည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ဒီဇင်ဘာ ၁၇ ရက်တွင်လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**



# မြန်မာ့ရိုးရာအစားအစာဖြစ်သော လက်ဖက်စိုက်ပျိုးခြင်း

မမြင့်(ဥယျာဉ်ခြံ)

မြန်မာနိုင်ငံသည် သဘာဝအလှတရားများစွာနှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုပိုင်ဆိုင်ထားသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ဆယ့်နှစ်ရာသီအလိုက်ကျင်းပသောပွဲတော်များတွင် ရာသီအလိုက်စားစရာများလည်း ကွဲပြားစွာရှိနေသေးသည်။ ၎င်းတို့အနက် လက်ဖက်သည် မြန်မာ့ဆယ်နှစ်ရာသီပွဲတော်များတွင်ပါဝင်သော ရိုးရာအစားအစာတစ်မျိုးဖြစ်သည်။ လက်ဖက်သည် မြန်မာလူမျိုးတို့၏နေ့စဉ်ဘဝနှင့်ရိုးရာဓလေ့များတွင် အထူးအရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ လက်ဖက်သည် မြန်မာလူမျိုးတို့၏ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ ဆောင်ရွက်သည့်ပွဲတိုင်းတွင်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

လက်ဖက်ပင်ကို မြန်မာနိုင်ငံတွင် ရှေးယခင်နှစ်များကပင် စိုက်ပျိုးလာခဲ့ကြသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးသည်။ ထို့ပြင် ကချင်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးများတွင်လည်း ဒေသရေမြေရာသီဥတုအလိုက် အနည်းငယ်စိုက်ပျိုးကြသည်။ လက်ဖက်ပင်သည် မြန်မာနိုင်ငံအတွက် စီးပွားရေးအရအရေးပါသောအပင်ဖြစ်သည်။ ၎င်းမှရရှိသော တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် လက်ဖက်အစိုနှင့်လက်ဖက်ခြောက်သည် ပြည်ပသို့တင်ပို့ရန်အတွက် အလားအလာကောင်းများစွာရှိသောထုတ်ကုန်များဖြစ်သည်။ ထို့ပြင် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက်လည်း အဓိကကျသောအခန်းကဏ္ဍတွင် နေရာယူလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်ဆိုင်းကျေးရွာရှိ သက်တမ်းရင့်လက်ဖက်စိုက်ခင်းများသည် ရိုးရာယဉ်ကျေးမှုနှင့်သဘာဝအလှတရားများကို ဖော်ဆောင်ပြသထားသည့် ခရီးသွားလာရေးလုပ်ငန်းများအတွက် အရေးပါသောဒေသတစ်ခုဖြစ်သည်။ ထိုဒေသရှိ လက်ဖက်စိုက်ခင်းများသည် သက်တမ်း ၁၀၀ နှင့်အထက်ရှိပြီး သဘာဝနည်းလမ်းများဖြင့် စိုက်ပျိုးထားကြကာ လက်ဖက်ခူးခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ရိုးရာနည်းများဖြင့်သာ ဆောင်ရွက်နေကြသည်။ ထိုဒေသတွင် လက်ဖက်ကို နေ့စဉ်ဟင်းလျာတစ်မျိုးအဖြစ် စားသုံးကြသည့်အပြင် ကျေးရွာရှိပွဲတော်များတွင်လည်း လက်ဖက်ကို လက်ဆောင်ပဏ္ဏာတစ်မျိုးအဖြစ် အသုံးပြုကြသည်။ ခရီးသွားဧည့်သည်များအနေဖြင့် ဝမ်ဆိုင်းဒေသသို့လာရောက်ကာ သက်တမ်းရင့်လက်ဖက်ခြံများသို့သွားရောက်လေ့လာနိုင်သည့်အပြင် ရိုးရာလက်ဖက်ပြုလုပ်နည်းများကိုလည်း လေ့လာနိုင်သည်။ ဝမ်ဆိုင်းဒေသသည် သက်တမ်းရင့်လက်ဖက်ခင်းများကို စိုက်ပျိုးထားခြင်းဖြင့် ဒေသ၏သဘာဝကို ပြသနိုင်သည့်အပြင် ဒေသခံများ၏အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝများကိုလည်း တိုးတက်စေသည်။ ထို့ပြင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကိုအသုံးပြု၍ လက်ဖက်စိုက်ပျိုးခြင်းဖြင့် ထွက်ရှိသောလက်ဖက်များကို ပြည်ပဈေးကွက်သို့ထိုးဖောက်ခြင်းများလုပ်ဆောင်နိုင်သည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်းဆောင်ရွက်သင့်သည်။

လက်ဖက်ပင်သည် ဧရာဝတီမြစ်ဖျားမှအစပြု၍ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ ပျံ့နှံ့သွားခြင်းဖြစ်သည်။ လေးရာစုနှစ်များတွင် တရုတ်ပြည်၌ လက်ဖက်ကို ဆေးဝါးအဖြစ်စတင်သုံးစွဲခဲ့ပြီး ခုနစ်ရာစုနှစ်များတွင် အလွန်ထင်ရှားသော အဖျော်ယာမကာတစ်မျိုးအဖြစ် သောက်သုံးမှုများပြားလာသည့်အတွက် အခွန်စတင်ကောက်ခံခဲ့ကြောင်း လေ့လာသိရှိရသည်။ ၂၀၂၃ ခုနှစ်အတွက် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကိန်းဂဏန်းအချက်အလက်များအရ ကမ္ဘာ့လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ပမာဏအနေဖြင့် တန်ချိန်ပေါင်း ၆ ဒသမ ၅ သန်းခန့်ရှိ၍ တင်ပို့မှုပမာဏမှာ ၁ ဒသမ ၈ သန်းခန့်ရှိသည်။ ကမ္ဘာတွင် လက်ဖက်ကိုအာရှနှင့် အာဖရိကဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးမှုဧက လေးသန်းခန့်ရှိသည်။

ပြည်ပနိုင်ငံများသို့ လက်ဖက်ခြောက်တင်ပို့မှုအနေဖြင့် ၁၈၆၀ မှ ၁၈၉၀ ခုနှစ်ထိ တရုတ်နိုင်ငံတစ်နိုင်ငံတည်းသာ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့သည်။ လက်ရှိကမ္ဘာပေါ်တွင် လက်ဖက်ခြောက်တင်ပို့မှုပမာဏမှာ ၁ ဒသမ ၈ သန်းခန့်ရှိပြီး အဓိက



တင်ပို့သည့် နိုင်ငံများမှာ ကင်ညာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။ ယနေ့ကမ္ဘာတွင် လူတစ်ဦး၏ လက်ဖက်ခြောက်သုံးစွဲမှုသည် တစ်နှစ်လျှင်အနည်းဆုံး သုည ဒသမ ၅ ကီလိုဂရမ်မှ အများဆုံး သုံး ကီလိုဂရမ်ထိ သောက်သုံးလျက်ရှိသည်။ ကမ္ဘာ့လက်ဖက်စားသုံးမှုပမာဏအနေဖြင့် တန်ချိန်ပေါင်း ၆ ဒသမ ၃ သန်းခန့်ရှိပြီး အဓိကစားသုံးသည့် နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ တူကီယဲ၊ ရုရှား၊ ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြသည်။

**လက်ဖက်စိုက်ပျိုးရာဒေသများ**

ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အခိုင်အမာရှိသည့် လက်ဖက်ကို နည်းစနစ်မှန်ကန်စွာစိုက်ပျိုးထုတ်လုပ်၍ အရည်အသွေးရောအထွက်နှုန်းပါ တိုးအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းလက်ဖက်စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက်ဝင်ငွေတိုးစေနိုင်မည့်အပြင် နိုင်ငံ့ဝင်ငွေကိုပါတိုးတက်စေနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ဖက်ကိုအဓိကအားဖြင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်သည်လက်ဖက်စိုက်ပျိုးမှု၏ အဓိကဒေသဖြစ်ပြီး ပူအိုက်စွတ်စိုသော ရာသီဥတုနှင့် မြေဆီလွှာကောင်းမွန်မှုတို့ကြောင့် လက်ဖက်စိုက်ပျိုးရန် အထူးသင့်တော်သောဒေသဖြစ်သည်။ အပူချိန်သုည ဒသမ ၅ မှ ၁၀ ဒီဂရီစင်တီဂရိတ်ရှိသော တောင်စောင်းဒေသများသည် လက်ဖက်ပင်စိုက်ပျိုးရန်အသင့်တော်ဆုံးဖြစ်သည်။ လေထုစိုထိုင်းဆနည်းသည့်ဒေသများတွင်အရိပ်ပင်များစိုက်ပျိုးပေးခြင်းနှင့်ရေပေးသွင်းမှုများပြုလုပ်ပေးရန်လိုအပ်သည်။

**လက်ဖက်စိုက်ပျိုးနိုင်သောမြေများ**

လက်ဖက်ပင်သည် ချဉ်သောမြေကို ကြိုက်နှစ်သက်သည်။ ထိုမြေဆီလွှာတွင်မှိုနှင့်ဗက်တီးရီးယားပိုးလျော့နည်းသောကြောင့် လက်ဖက်ပင်အတွက် ပိုမိုသင့်တော်သည်။ ချဉ်သောမြေသည် ရေစီးဆင်းမှုနှင့် လေဝင်လေထွက်ကောင်းမွန်ပြီး သဘာဝမြေသြဇာများကိုပိုမိုထိရောက်စွာအသုံးပြုနိုင်သည်။ pH 4.5 မှ 5.5 ကြားရှိ ချဉ်သောမြေသည် လက်ဖက်ပင်၏ဇီဝကမ္မဖြစ်စဉ်ကို အထောက်အကူဖြစ်စေသည်။ လက်ဖက်ပင်သည်ချဉ်သောမြေတွင် အလူမီနီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့်ဖော့စဖရတ်ကဲ့သို့သော အာဟာရဓာတ်များကိုပိုမိုထိရောက်စွာစုပ်ယူနိုင်သည့်အတွက် လက်ဖက်ပင်ကြီးထွားမှုနှင့် လက်ဖက်ရွက်၏အရည်အသွေးကိုမြှင့်တင်ပေးနိုင်သည်။ ချဉ်သောမြေတွင် တည်ရှိသောသံဓာတ်သည် လက်ဖက်ပင်အတွက် လွယ်ကူစွာစုပ်ယူနိုင်သောပုံစံဖြစ်သည်။သံဓာတ်သည်လက်ဖက်ရွက်၏အရောင်တောက်ပမှုနှင့်အစာချက်လုပ်မှုအတွက် များစွာအရေးပါသည်။

**စိုက်နည်းစနစ်များ**

လက်ဖက်မျိုးကွဲများစွာရှိသလို မတူကွဲပြားသောစိုက်ပျိုးနည်းစနစ်များလည်း ရှိပါသေးသည်။ လက်ဖက်ပင်ကို မျိုးစေ့မှပျိုးထောင်စိုက်ပျိုးနိုင်သလို ပင်ပိုင်းမျိုးပွားမှုနည်းစနစ်များဖြင့်လည်းစိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးမှုနည်းစနစ်များကိုမိရိုးဖလာနည်းစနစ်များအပြင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုလည်း ရောစပ်အသုံးပြုကြသည်။ လက်ဖက်အဓိကစိုက်ပျိုးသည့်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တို့တွင် သဘာဝစိုက်နည်းစနစ်များကို အများဆုံးအသုံးပြုကြပြီး လက်ဖက်စိမ်းနှင့်လက်ဖက်ခြောက်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ၎င်းဒေသများမှ ထုတ်လုပ်လျက်ရှိသော လက်ဖက်တန်ဖိုးမြင့်ထုတ်ကုန်များသည် မြန်မာနိုင်ငံဒေသတွင်း စားသုံးမှုအတွက်ဖူလုံရုံမျှမက ပြည်ပသို့တင်ပို့နိုင်သည့် အလားအလာများစွာလည်းရှိနေပါသေးသည်။ သို့သော်လည်း စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကို အဆင့်မြှင့်တင်ရန်လိုအပ်နေသည့်အပြင် အရည်အသွေးမြင့်မားပြီး လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေနိုင်သည့် စိုက်ပျိုးရေးနည်းစနစ်များကိုကျယ်ပြန့်စွာမကျင့်သုံးနိုင်သေးပါ။ လက်ဖက်စိုက်တောင်သူ ၉၀ ရာခိုင်နှုန်းသည် သဘာဝထုတ်လုပ်သည့်လုပ်ငန်းများအတိုင်း ဆောင်ရွက်ကြသဖြင့် သန့်ရှင်းမှုအားနည်းကြသည်။ လက်ဖက်ကို ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့်အဖွဲ့အစည်းများ၏ထောက်ခံချက်များလိုအပ်မည်ဖြစ်သည်။

ကမ္ဘာတွင်တရုတ်၊ အိန္ဒိယ၊ကင်ညာ၊ သီရိလင်္ကာ၊ ဗီယက်နမ်နိုင်ငံတို့သည် လက်ဖက်စိုက်ပျိုးမှုတွင် ဦးဆောင်နိုင်ငံများဖြစ်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုအသုံးပြု၍ အရည်အသွေးမြင့်မားသည့် လက်ဖက်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်လျက်ရှိသည်။ လက်ရှိကမ္ဘာတစ်ဝန်းရှိ စားသုံးသူများသာမက စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိအမြင် ဗဟုသုတများအပြင် ကျန်းမာရေးဗဟုသုတကြွယ်ဝလာသည်နှင့်အမျှကျန်းမာရေးနှင့်ညီညွတ်သောစားသောက်ကုန်များ၏ ဝယ်လိုအားသည် တိုးမြင့်လာလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအပြင် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကိုအဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပြီး ကမ္ဘာ့ဈေးကွက်သို့ဝင်ရောက်နိုင်ရေးအားထုတ်ကြိုးပမ်းမှုများ ဆောင်ရွက်ရန်လိုအပ်သည်။

မြန်မာနိုင်ငံမှထုတ်လုပ်သောလက်ဖက်တန်ဖိုးမြင့်ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ထုတ်ကုန်၏အရည်အသွေးသည် အဓိကကျသည်။ လက်ဖက်ပင်များကောင်းစွာစိုက်ပျိုးဖြစ်ထွန်းနိုင်ရန်နှင့် အရည်အသွေးကောင်းလက်ဖက်များရရှိနိုင်ရန် လက်ဖက်စိုက်ခင်းများတွင် အရိပ်ပင်များ စိုက်ပျိုးပေးရန်လည်း လိုအပ်ပါသည်။ လက်ဖက်ပင်သည် အလင်းရောင်ကိုလိုအပ်သော်လည်း တိုက်ရိုက်နေရောင်ခြည်ထိတွေ့ခြင်းဖြင့် လက်ဖက်ရွက်၏ ဇီဝကမ္မဖြစ်စဉ်များမညီမျှဘဲ ကဖိန်းဓာတ်ကိုလိုအပ်သည်ထက်ပိုမိုထွက်ရှိလာစေနိုင်သည်။ အရိပ်ရပင်များသည် လက်ဖက်ပင် တိုက်ရိုက်ထိတွေ့ရမည့်အလင်းပြင်းအားကိုလျှော့ချပေးခြင်းဖြင့် လက်ဖက်ရွက်တွင်ပါဝင်မည့် ကဖိန်းဓာတ်ပမာဏကို ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ အရိပ်ရပင်များဖြင့် စိုက်ပျိုးခြင်းသည် လက်ဖက်ရွက်၏ ကဖိန်းဓာတ်နှင့် အမိုင်နိုအက်စစ်ပါဝင်မှုကိုညီမျှစေပြီး ခါးသက်မှုကိုလျော့ကျစေသည်။ အရိပ်ရပင်အောက်တွင်စိုက်ပျိုးသော လက်ဖက်ပင်များသည် ပရိုတင်းနှင့်အမိုင်နိုအက်စစ်ဓာတ်ထုတ်လုပ်မှုကိုကောင်းမွန်စေပြီး ပြင်းထန်သောနေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင်သော အခြေအနေတွင် စိုက်ပျိုးသောလက်ဖက်ပင်များသည် ကာဗိုဟိုက်ဒရိတ်ထုတ်လုပ်မှုကိုကောင်းမွန်စေပြီး ကဖိန်းဓာတ်ပါဝင်မှုကိုတိုးစေနိုင်သည်။

လက်ဖက်သည်ဗီတာမင်စီကြွယ်ဝပြီး ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးနိုင်သည့်အပြင် လက်ဖက်တွင်ပါဝင်သောဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကင်ဆာရောဂါကိုတိုက်ဖျက်နိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝသဖြင့်အစာခြေစနစ်ကိုကောင်းမွန်စေခြင်း၊ ကဖင်းဓာတ်ပါဝင်သည့်အတွက် စိတ်ကြည်လင်တက်ကြွစေခြင်း၊ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးနိုင်သဖြင့် ဆီးချိုရောဂါကိုကာကွယ်နိုင်ခြင်း၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်နှင့်ကယ်လ်စီယမ်ဓာတ်များပါဝင်သည့်အတွက် ခန္ဓာကိုယ်လှုပ်ရှားမှုကို ပံ့ပိုးပေးခြင်း၊ ကိုလက်စထရောကိုလျှော့ချပေးနိုင်ပြီး နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်း၊ ပိုလီဖီနော ဓာတ်ပါဝင်မှုကြောင့် ဦးနှောက်လုပ်ဆောင်မှုကို မြှင့်တင်ပေးခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းချီခရီးသည် Group Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ



ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းချီခရီးသည် Group Art Exhibition ပန်းချီပြပွဲကို မေ ၂၄ ရက်မှစတင်ကာ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ ကျော်ငြိမ်းက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီခရီးသည် Group Art Exhibition ပန်းချီပြပွဲကို မေ ၂၄ ရက်မှစတင်၍ မေ ၂၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီပြပွဲတွင် ပန်းချီဆရာ၊ ဆရာမ ၁၁ ဦးတို့ ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို ပြသပေးထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ပန်းချီခရီးသည်လို့ အမည်ပေးထားတဲ့ပန်းချီဆရာ၊ ဆရာမ ၁၁ ယောက်တို့ရဲ့ Group Art Exhibition ပြပွဲကို ပြသနေတာဖြစ်ပါတယ်။ ဒီပြပွဲက အင်းလေးဒေသပြန်လည်ထူထောင်ရေးအလှူငွေ ပန်းချီပြပွဲဖြစ်လို့ လာရောက်ကြည့်ရှုလေ့လာရင်း ပန်းချီကားဝယ်ယူပြီး ပြန်လည်ထူထောင်ရေး အလှူအနေနဲ့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု ပန်းချီကျော်ငြိမ်းက ပြောပြသည်။

အဆိုပါပန်းချီခရီးသည် Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ ကိုမောင်ကျော်သန်း၊ မြင့်ကြည်၊ သန်းမောင်၊ ကျော့ရှိန်း၊ ကျော်ငြိမ်း၊ သိန်းစိုး၊ ဒေါ်လင်း၊ ရဲမောင်ကျော်၊ ခင်မေကြည်၊ ခိုင်ခိုင်သင်းကြည်၊ ငြိမ်းငြိမ်းစိုးတို့၏ ပန်းချီကားများ ပါဝင်ပြသထားကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ x ၂၄) လက်မ၊ (၂၄ x ၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် ခုနစ်သိန်းထိရှိကြောင်း သိရသည်။

ASH

# The Hunger Games: Sunrise on the Reaping ၌ မင်းသားကီရန်ကူကင် ပါဝင်လာ

နယူးယောက် မေ ၂၅

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Hunger Games: Sunrise on the Reaping ဇာတ်ကား၌ အော်စကာဆုရမင်းသား ကီရန်ကူကင်လည်း ပါဝင်လာကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မင်းသားကီရန်ကူကင်သည် အဆိုပါဇာတ်ကား၌ ဆီဆာဖလစ်ကာမင်း ဇာတ်ကောင်နေရာ၌ပါဝင် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Hunger Games: Sunrise on the Reaping ဇာတ်ကား၌ မင်းသား ကီရန်ကူကင်သည် မင်းသား ဂျက်ဆီပလီမွန်၊ မင်းသမီး ဝှစ်တနေပိတ်၊ မက္ကင်နာဂရေ့ တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။


The Hunger Games: Sunrise on the Reaping ဇာတ်ကားကို ဒါရိုက်တာဖရန်စစ်လောရင့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဆူဆန်ကောလင်း၏ Sunrise on The Reaping ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

The Hunger Games: Sunrise on the Reaping ဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရုံတင်ရန် Lionsdgate ကုမ္ပဏီက စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO






# ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲကို ဇွန်လအတွင်း HEY Play Application ၊ HEY Play YouTube Channel မှ ထုတ်လွှင့်မည်ဖြစ်




ရန်ကုန် မေ ၂၅

ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲကို ဇွန်လအတွင်း HEY Play Application၊ HEY Play YouTube Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ထားသူ သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြ၍ သိရသည်။

ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို၏ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ လုံးချင်းဝတ္ထုကို Soul of Stars အဖွဲ့က ဇာတ်ညွှန်း ရေးသားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရိုက်ကူးထားသည့် ဒရာမာဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ရိုက်ပြီးတာ နှစ်နှစ်လောက်ရှိပါပြီ။ သူ့နောက်ကရိုက်တဲ့ ကြင်ဖော်က အရင်ပြသခွင့်ရခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲက သုံးပွင့်ဆိုင် အချစ်ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ ရုံပါယ်၊ ပွင့်ဦးလှ၊ ဖွေးနှနယ်တို့ကို ကမ်းခြေအလှအပတွေနဲ့ ကြည့်ရမှာပါ။ စာရေးဆရာမ လမင်းမိုမိုရဲ့ အောင်မြင်ခဲ့တဲ့ဝတ္ထုမို့ ဇာတ်လမ်းက အထူးပြောဖို့မလိုပါဘူး။ အကောင်းဆုံး ကြိုးစားထားကြပါတယ်"ဟု သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေတိုး၊ အေးမြတ်သူ၊ နော်ဖောအယ်ထားနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Elden Ring ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန်စီစဉ်ထား

နယူးယောက် မေ ၂၅

A 24 ရုပ်ရှင်ကုမ္ပဏီသည် Elden Ring အမည်ရှိ ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် စီစဉ်ထားကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

Elden Ring ဇာတ်ကားသည် ထူးဆန်းသက်ရှိများ၊ ရဲတိုက်များ တည်ရှိရာ ဆန်းကြယ်သောကမ္ဘာတစ်ခုကို စူးစမ်းရှာဖွေရသည့် ဗီဒီယိုဂိမ်းဖြစ်သည်။

အဆိုပါဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်းရာတွင် ဒါရိုက်တာ အဲလက်ဂါးလန်းက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

ထို့ပြင် Elden Ring ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို အဲလက်ဂါးလန်းကပင် တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

လက်ရှိတွင် Elden Ring ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

A 24 ရုပ်ရှင်ကုမ္ပဏီသည် Death Stranding With Quiet Place: Day one အမည်ရှိ ဗီဒီယိုဂိမ်းကိုလည်း ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးသံရှင် အိမ့်ချစ်၏ Colour of Love Event တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်သွားမည်

ရန်ကုန် မေ ၂၅

တေးသံရှင် အိမ့်ချစ်၏ Colour of Love Event တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဇွန် ၇ ရက် တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင်အိမ့်ချစ်က ပြောပြ၍ သိရသည်။

Colour of Love Event တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဇွန် ၇ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daly Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Inya Lake Garden Hotel မှာ Colour of Love Event အဖြစ် ဖျော်ဖြေတင်ဆက်ပေးမှာ ဖြစ်ပါတယ်။ အိမ့်ချစ်နဲ့အတူ ဧည့်သည်တေးသံရှင်တွေ၊ Dancer တွေ၊ DJ တွေရဲ့ ဖျော်ဖြေမှုတွေလဲ တဝကြီး ခံစားကြရမှာပါ"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် အိမ့်ချစ်၏ Colour of Love Event တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ဇွန် ၇ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives peace delegation of NDAA (Mongla)

## All the national brethren of the country should serve the national interest in harmony and unison



Senior General Min Aung Hlaing receives the peace delegation led by U San Pae, Vice Chairman of Peace and Solidarity Committee, NDAA (Mongla).

**Nay Pyi Taw May 25**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received a peace delegation led by U San Pae, Vice Chairman of Peace and Solidarity Committee, NDAA (Mongla), at Shwe Tarigan Yeiktha of Triangle Region Command HQ this morning.

Present together with Senior General Min Aung Hlaing were Joint SAC Secretary General Ye Win Oo, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and senior military officers from Office of Commander-in-Chief. U San Pae was accompanied by Vice Chairman U San Lu, U Kyi Myint and responsible persons.

First, the Senior General warmly greeted U San Pae and party.

In his discussions, the Senior General expressed pleasure to have a meeting with old friends again, saying Myanmar is a Union that is on the road to a federal system based on disciplined multiparty democracy. Hence all the national brethren of the country must serve the national interest in harmony and unison.

The government is working in the interest of the State and all citizens with sincere goodwill. In the education and health sectors, which are vital priority fields, cooperation will be rendered in accord with the policy of the State, followed by the efforts to achieve progress and peace and stability. Abundance of educated human resources is a must for development of a region and a country. Opening of basic education schools is required for all school age children to be in classrooms. As the country is a union, the entire country must be fluent in the official language declared by the State. Hene, the union education system shall be taught in the whole country. Arrangements should be made for the students, who have completed basic education, to attend local universities.

Industries, based on rubber that grows well in the area, must be developed till they can manufacture high quality goods. The region must run farming activities for ensuring fish and meet sufficiency in it, and the State will provide necessary assistance. Moreover, it will help improve the road transport of the area. The government will conduct regional development undertakings, followed by the provision of healthcare services down to the rural areas.

In presenting matters relating to peace and stability and regional development, U San Pae first thanked the Senior General and other leaders for receiving them at the meeting. He also thanked the State and people for sending condolences for the demise of the former NDAA chairman. He then expressed empathy towards the country and people, who suffered losses and destruction during the Mandalay earthquake. NDAA (Mongla) sent help for the victims in cooperation with entrepreneurs and people of special region 4. Over 30-year conviction of NDAA (Mongla) centred on Our Three Main National Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty. He requested State's assistance for further facilitation of road transport in the region and continued assistance for its health and education sectors. NDAA (Mongla) accepts no armed organization or political party in its area. NDAA (Mongla) will render cooperation in the undertakings for regional peace and stability. He then requested necessary guidance from the Senior General.

Afterwards, both sides cordially exchanged views on peace process, health, education and development undertakings.

After the meeting, Senior General Min Aung Hlaing exchanged commemorative gifts with U San Pae and U San Lu.

The Joint SAC Secretary, the Chief of General Staff (Army, Navy and Air) and attendees presented commemorative gifts to members of the Peace and Solidarity Committee, NDAA (Mongla).

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and members of the Peace and Solidarity Committee, NDAA (Mongla), posed for documentary photos and later, enjoyed the lunch together. 100

# Pwintphyu Township targets over 3,000 acres of peanut cultivation this rainy season

**Pwintphyu May 25**

A total of 3,619 acres of peanuts are set to be planted in Pwintphyu Township, Minbu District, Magway Region, during this rainy season, according to the Department of Agriculture for Pwintphyu Township.

Pwintphyu Township has planned to plant 3,619 acres of peanuts in the rainy season, and is currently working on plowing and preparing farmland to be able to grow with the rains that fall in May.

"Currently, we are working on plowing and preparing farmland to grow rain-fed peanuts. We will start planting as soon as the rains are sufficient. We will supervise farmers to ensure that they grow peanuts to their full potential," said Daw Moe Moe Wai, head of the Department of Agriculture for Pwintphyu Township.

If peanuts can be grown to a high yield, it will not only meet the local oil consumption but also be able to sell the surplus, which will generate income and develop the socio-economic life, so it is necessary to expand peanut cultivation in all regions, said Daw Moe Moe Wai.

Ye Win Naing (Nyaung Oo)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects development tasks in Loimwe area in Shan State (East)



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to hill missionary Sayadaw Bhaddanta Vepula.

**Nay Pyi Taw May 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by SAC Joint Secretary General Ye Win Oo and wife and council members and their wives, the Shan State chief minister, senior officers from the Office of the Commander-in-Chief of Defence Services and officials, inspected the development tasks in Loimwe area in Shan State (East) this morning.

First, the Senior General and party arrived at the project site of the upgrading of Kengtung-Loimwe road being carried out by the Road Management Department Shan State (East) and heard reports on salient points of the project, implementation of the instructions of the Senior General given during the visit in February, 2022 to the area, tasks carried out in each fiscal year and future tasks reported by responsible officials before giving instructions on durability of the road in the upgrading tasks and others.

Then, the Senior General and party proceeded to the Loimwe Lake and heard reports on water supply for Loimwe area by using the solar system and the piping of water from natural springs submitted by responsible officials. After hearing the reports, the Senior General pointed out the needs to water security in Kengtung and Loimwe areas, conservation of forests in watershed areas of the lake, implementation of the highland farming system as shift farming causes deforestation and field trips of experts for piping from natural springs.

Then, the Senior General and party arrived at the 107-year long people's station hospital and welcomed by Superintendent Dr. Thanda Win and officials. The Senior General and party inspected the hospital and gave instructions on the upgrading of the hospital to responsible officials.

Afterward, the Senior General and party visited the historic 100-year old villa and viewed the documentary photographs of the history of Loimwe and its landmarks displayed in the villa. Then, the Senior General and party inspected the maintenance works of the villa and gave necessary instructions on conservation of the villa and its furniture in their original styles and others.



Senior General Min Aung Hlaing visits the historic 100-year old villa.



Senior General Min Aung Hlaing views the presentation of upgrading Kengtung-Loimwe road.

Then, the Senior General and wife and party arrived at the Saturattha Sumingala Pagoda in Loimwe hill resort. Afterward, the Senior General and party paid homage to and offered flowers, water and lights to the Buddha image of the pagoda. Afterward, the Senior General and wife and party paid obeisance to the Buddha image in the prayer hall of the pagoda.

Then, the Senior General and wife paid obeisance to hill missionary Sayadaw Bhaddanta Vepula and donated cash to the Sayadaw before walking round the pagoda clockwise and giving instruction on renovation of the pagoda for its durability.

100

# At least 32 Palestinians killed in Israeli attacks across Gaza: civil defense

**Gaza May 25**

At least 32 Palestinians were killed in Israeli airstrikes on multiple areas of the Gaza Strip on Saturday, according to Gaza's Civil Defense.

Mahmoud Basal, a spokesperson for the authority, told Xinhua that 17 people were killed and dozens wounded in Israeli strikes targeting a house and gatherings west and east of Khan Younis, in the southern Gaza Strip.

In Gaza City, drone strikes killed 10 people, including a girl and three women, as Israeli forces targeted civilian gatherings in the al-Tuffah neighborhood, Basal added.

Three others were killed when Israeli aircraft bombed two apartments in the al-Nuseirat refugee camp in central Gaza. Another two fatalities were reported following an attack in the Bir al-Na'ja area in the north.

Meanwhile, the Israel Defense Forces (IDF) said in a statement on Saturday that its air force struck more than 100 targets across the Gaza Strip over the past 24 hours.

Xinhua

# Daniel Noboa sworn in as Ecuadorian president

**Quito May 25**

Ecuadorian President Daniel Noboa was sworn in Saturday for his first full term during a ceremony at the National Assembly in Quito.

The 37-year-old businessman, who won the reelection in April, had just completed an initial 18-month term after winning snap elections in late 2023. His new term will run through 2029.

Noboa pledged to bring a new approach to governance. "We came to break cycles," he said, emphasizing the need for lasting change.

"There will be no truce with crime," he said, vowing to continue crackdowns on drug trafficking, illegal weapons and smuggling.

He reaffirmed his hardline security stance under the "internal armed conflict" declared during his first term.

The president also outlined plans to spur economic growth through reforms, investment and job creation, while highlighting housing, education, energy diversification and public works as key pillars of his administration.

Vice President Maria Jose Pinto also took the oath of office during the session.

Xinhua

# State Administration Council Prime Minister Senior General Min Aung Hlaing inspects status of renovation work on Hluttaw buildings damaged by the earthquake, provides guidance as needed





Senior General Min Aung Hlaing inspects damage to a Hluttaw building.

**Nay Pyi Taw May 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo and other members of the entourage, inspected the Hluttaw buildings in Nay Pyi Taw, Union Territory this afternoon, and ongoing restoration efforts following damage caused by the Mandalay earthquake. During the visit, he provided necessary guidance.

The Senior General first inspected the damage to the suspension bridge and archway at Gate No. 1, as well as the PyidaungsuHluttaw Building, the Pyithu Hluttaw Building, the Zabu Thiri Hall, and the Amyotha Hluttaw Building. He was accompanied by Pyithu Hluttaw Speaker U T Khun Myat and other officials during the inspection.

In response to the reports, the Senior General emphasized the need for systematic and timely repairs to the damaged parliamentary buildings, instructing that the restoration work be completed within the designated timeframe. He also stated that, to ensure long-term durability and structural integrity, construction work must be carried out by technical experts, using high-quality materials. The Senior General also looked into other requirements. 100



Senior General Min Aung Hlaing inspects damage to the suspension bridge.



Senior General Min Aung Hlaing inspects damage to the archway at Gate No.1.



Senior General Min Aung Hlaing inspects damage inside a Hluttaw building.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနှင့်ထိုင်းကုမ္ပဏီက IRIS-T ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုကို ပူးပေါင်းဆောင်ရွက်မည်



ဂျာမနီကုမ္ပဏီ Diehl Defense နှင့် ထိုင်းနိုင်ငံ RV Connex ကုမ္ပဏီတို့သည် IRIS-T ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ကို တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် RV Connex ကုမ္ပဏီထုတ် JRV-01 ပစ်မှတ်ဒရုန်းကို IRIS-T ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည် ပစ်ခတ်စမ်းသပ်မှုများတွင် လက်တွေ့ပကတိစစ်မြေပြင်များအတိုင်း လေ့ကျင့်ပစ်ခတ်နိုင်စေရေးအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် IRIS-T ဒုံးကျည်ဝယ်ယူအသုံးပြုလျက်ရှိသည့် နိုင်ငံများအနေဖြင့် စမ်းသပ်မှုအခြေခံ အဆောက်အအုံမလိုအပ်ဘဲ အုပ်ချုပ်ထောက်ပံ့ရေးစိန်ခေါ်မှုများကို လျှော့ချပေးကာ ကုန်ကျစရိတ်သက်သာမည့် တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုတစ်ရပ်ဆောင်ရွက်သွားနိုင်စေရန် ကုမ္ပဏီနှစ်ခုပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းလည်းဖြစ်သည်။

"ထိုင်းနိုင်ငံ RV Connex ကုမ္ပဏီနဲ့ ပူးပေါင်းပြီး အာရှမှာ ကျွန်တော်တို့ရဲ့ တည်ရှိမှုကို တိုးချဲ့လုပ်ဆောင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ထိုင်းနိုင်ငံမှာ ၁၅ နှစ်ကြာ အောင်မြင်စွာလည်ပတ်ဆောင်ရွက်နိုင်ခဲ့မှုတွေကို ပြန်လည်သုံးသပ်ရင်း အနာဂတ်ကာလ အာရှမှာ ကျွန်တော်တို့အတွက် ဒီထက်မက အောင်မြင်မှုတွေ ရရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု Diehl Defense ကုမ္ပဏီမှ CEO ဖြစ်သူ Helmut Rauch မှ ပြောကြားခဲ့သည်။

IRIS-T ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ကို ဂရိ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်နှင့် စပိန်နိုင်ငံတို့အပါအဝင် ဥရောပပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် ဂျာမနီနိုင်ငံမှဦးဆောင်၍ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ IRIS-T ဒုံးကျည်ကို Eurofighter Typhoon၊ F-16၊ Gripen နှင့် Tornado တိုက်လေယာဉ်များအပါအဝင် တိုက်လေယာဉ်အမျိုးအစားများစွာတွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။

အဆိုပါဒုံးကျည်ကို F-5E အသံထက်မြန်သောစူပါဆောနစ်တိုက်လေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ရန် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး တောင်ကိုရီးယားထုတ် KF-21 တိုက်လေယာဉ်တွင် ပေါင်းစပ်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒုံးကျည်တွင် ပစ်မှတ်များကို ခြေရာခံထိန်းကျောင်းနိုင်ရန် အနီအောက်ရောင်ခြည် အာရုံခံကိရိယာ တပ်ဆင်ထားသည်။ IRIS-T ဒုံးကျည်သည် ဝင်ရောက်လာသော ဒုံးကျည်များအပါအဝင် လေယာဉ်နောက်ဘက်မှဝင်ရောက်လာနိုင်သည့်ပစ်မှတ်များကို တိုက်ခိုက်နိုင်ပြီး ရေဒါဖြင့်ဖြစ်စေ၊ လေသူရဲဆောင်းထားသော ဦးထုပ်ရှိချိန်ဆိုဒ်မှဖြစ်စေ လမ်းညွှန်ထိန်းကျောင်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ပစ်မှတ်ဒရုန်းဆိုသည်မှာ ဤကဲ့သို့ ဒုံးကျည်ပစ်ခတ်စဉ်များအတွက် ပစ်မှတ်နေရာတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ထားသော ဒရုန်းဖြစ်၍ ပစ်မှတ်ဒရုန်းဟု ခေါ်ဝေါ်သုံးနှုန်းခြင်းဖြစ်သည်။ JRV-01 ပစ်မှတ်ဒရုန်းသည် တောင်ပံအလျားရှစ်ပေနှင့် ကိုယ်ထည် အလျား ၈ ဒသမ ၅ ပေ ရှည်လျားသည်။ payload အလေးချိန် ငါးကီလိုဂရမ် ၁၁ ပေါင်သယ်ဆောင်နိုင်ပြီး လေ့ကျင့်ရေးနှင့်လက်နက်စနစ် စမ်းသပ်ပစ်ခတ်စဉ်များတွင် လိုက်လျောညီထွေဖြစ်စွာအသုံးပြုနိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပါသည်။ ဒရုန်းသည် အမြင့်ဆုံးအလျင်နှုန်း ၁၃၅ မီတာ/စက္ကန့်၊ ပုံမှန်အလျင်နှုန်း ၇၀ မီတာ/စက္ကန့်တို့ဖြင့် ပျံသန်းနိုင်သည်။ တပ်ဆင်အသုံးပြုထားသည့် payload ဖွဲ့စည်းပုံအပေါ်မူတည်၍ လေထဲတွင် တစ်နာရီကြာ ပျံသန်းနေနိုင်စွမ်းရှိသည်။ အမြင့် ပေ ၁၅၀၀၀ ထိ ပျံသန်းနိုင်သည့်အတွက် ရန်သူ့လေကြောင်းခြိမ်းခြောက်မှု ပုံစံအမျိုးမျိုးအတွက် သဏ္ဌာန်တူပစ်မှတ်အဖြစ် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**German, Thai Firms Partner to Support IRIS-T Live-Fire Testing** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ် Thales ကုမ္ပဏီက GM400α တာဝေးလေကြောင်းစောင့်ကြည့်ရေးရေဒါ နှစ်စုံကို မလေးရှားသို့ လွှဲပြောင်းပေးအပ်မည်

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီသည် မလေးရှားတော်ဝင်လေတပ်၏ လေကြောင်းစောင့်ကြည့်ထောက်လှမ်းရေးနှင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များအဆင့်မြှင့်တင်ရန်အတွက် GM400α တာဝေးလေကြောင်းစောင့်ကြည့်ရေးရေဒါ နှစ်စုံကို မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အကွာအဝေး ၅၁၅ ကီလိုမီတာ ထောက်လှမ်းနိုင်စွမ်းရှိမှုနှင့်အတူ GM-400α ရေဒါသည် ရွှေ့လျားစစ်ကစားနိုင်မှု၊ ယုံကြည်စိတ်ချရမှုနှင့် လွယ်ကူစွာပေါင်းစပ်အသုံးပြုနိုင်မှုတို့အတွက် ဒီဇိုင်းထုတ်ထားသည်။

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီသည် မလေးရှားနိုင်ငံ၏ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ရေဒါများကိုဖြန့်ကြက်အသုံးပြုနိုင်ရန်အတွက် မလေးရှားနိုင်ငံ Weststar Group ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ပဏာမခြေလှမ်းတွင် ဒေသတွင်း နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ တည်ဆောက်ရန်၊ ပြုပြင်ထိန်းသိမ်းမှုစွမ်းရည်များ မြှင့်တင်ရန်နှင့် ရေဒါစနစ်များကို စီမံခန့်ခွဲခြင်းနှင့် လည်ပတ်ခြင်းတွင် မလေးရှားတပ်မတော်၊ လေတပ်၏ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းကို ရေရှည်ပံ့ပိုးပေးရန်အတွက် အသိပညာလွှဲပြောင်းခြင်းနှင့် လေ့ကျင့်သင်ကြားရေးသင်တန်းများ ပါဝင်မည်ဖြစ်သည်။

GM400α ရေဒါသည် ပစ်မှတ်ရှာဖွေထောက်လှမ်းမှု Scanning ပြုလုပ်ခြင်းကို ခြောက်စက္ကန့်တိုင်း Update ပြုလုပ်နိုင်စွမ်းရှိပြီး အနိမ့်၊ အလယ်အလတ်အမြင့်၊ အမြင့်ပျံ ပစ်မှတ်များအပါအဝင် အမြင့်အမျိုးမျိုးမှ ဝင်ရောက်လာနိုင်သောဝေဟင်ပစ်မှတ်များကို စဉ်ဆက်မပြတ်စောင့်ကြည့်ထောက်လှမ်းနိုင်စေမည်ဖြစ်သည်။

GM400α ရေဒါသည် လေယာဉ်၊ ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို ရှာဖွေထောက်လှမ်းပြီး ခြေရာခံထိန်းကျောင်းရန် တီထွင်ထားခြင်းဖြစ်သည်။ ပစ်မှတ်တစ်ခုကို တွေ့ရှိထောက်လှမ်းပြီးသည်နှင့် ရန်သူ၊ မိတ်ဆွေ စိစစ်ခွဲခြားဖော်ထုတ်နိုင်စွမ်းရှိသည်။ ဤတိုက်ပွဲလုပ်ငန်းစဉ်သည် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်များချရာတွင် ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေးဌာနချုပ်များထံ စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်သည့်အတွက် မှားယွင်းဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အန္တရာယ်ကို လျှော့ချပေးနိုင်လိမ့်မည်ဖြစ်သည်။

ထွက်ပေါ်လာသော ခြိမ်းခြောက်မှုအသစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် ဆိုက်ဘာစိန်ခေါ်မှုများကို လိုက်လျောညီထွေဖြစ်အောင် တိုက်ပွဲဝင်ဖြန့်ကြက်နိုင်စေရန် ဆော့ဖ်ဝဲလ်ပိုင်းဆိုင်ရာ Update ပြုလုပ်ခြင်းဖြင့် အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ ရေဒါကြံ့ခိုင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် နာရီ ၃၀ သတ်မှတ်ပေးထားသည်။

ယနေ့ထိ Thales ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းတွင် Ground Master ရေဒါပေါင်း အစုံ ၂၇၀ ကျော် ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံသည် GM400α တာဝေးရှာရေဒါကိုဝယ်ယူရန် ပြင်သစ်ကုမ္ပဏီနှင့် သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသဘောတူညီချက်သည် မလေးရှားနိုင်ငံ၏လက်ရှိ လေကြောင်းထောက်လှမ်းမှုနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဖြည့်ဆည်းရန်နှင့် တိုးမြှင့်ရန်အတွက် ရေဒါစွမ်းရည်များ အကဲဖြတ်ဆန်းစစ်နိုင်ရန် တိုက်ရိုက်သရုပ်ပြ၊ စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။



**Malaysia Expands Air Defense With Thales GM400α Radar** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံ-လွိုင်မွေလမ်း လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ-လွိုင်မွေလမ်း လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ ရောက်ရှိကြသည်။ ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွိုင်မွေဒေသသို့ ရောက်ရှိစဉ် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်း လျာထားမှုတို့နှင့် ပတ်သက်၍ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံ-လွိုင်မွေလမ်းအဆင့်မြှင့်တင်ရာ၌ လမ်းကြောင်းရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန်သို့ရောက်ရှိကြပြီး လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာရရှိရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဝေရေလဲဧရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးကျေးရွာရှိပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေ၊ မီးရရှိမှုအခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေဆိုင်ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေးအရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ခေတ်မီအားကစားကွင်းနှင့် အားကစားရုံ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ဝန်ထမ်းမိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ သက်သာချောင်ချိရေးအတွက် ဥစားကြက်၊ အသားစားကြက်၊ ငါးခူမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရာသီသီးနှံစိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဖူးမြော်ကြည်ညိုကာ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ ဆေးရုံအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြား သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လှိုင်မွေမြို့သမိုင်းနှင့် အထင်ကရနေရာများမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန်လိုကြောင်း၊ လိုအပ်သည့် အိမ်အသုံးအဆောင်ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်းပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်သို့ရောက်ရှိကြပြီး စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ စေတီတော်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်မွေမြို့ရှိ သမိုင်းဝင် နှစ် ၁၀၀ စံအိမ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

နိုင်ငံတော်
စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်
ငလျင်ဘေးဒဏ်ကြောင့်
ထိခိုက်ပျက်စီးမှုများ
ဖြစ်ပေါ်ခဲ့သည့်
လွှတ်တော်အဆောက်အအုံ
များ ပြန်လည်ပြုပြင်ရေး
လုပ်ငန်းများ
ဆောင်ရွက်နေမှုကို
လိုက်လံကြည့်ရှု
စစ်ဆေးစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ ဇမ္ဗူသီရိခန်းမဆောင်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်သွားရန်နှင့်အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကိုဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်**သည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့် စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း အသားငါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်ကလည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .**

**ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရ မည့် အချက်တစ်ချက်ဖြစ်. . .**

**ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍လည်း နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးတင်ပြရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများကို တွေ့ဆုံခွင့်ရသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဥက္ကဋ္ဌဟောင်းကြီး ကွယ်လွန်ဆုံးပါးခဲ့ချိန်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများက ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထိခိုက်ဆုံးရှုံးခဲ့ရမှုများအတွက်လည်း မိမိတို့အနေဖြင့် ထပ်တူဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် အထူးဒေသ(၄) အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများ ပူးပေါင်း၍ ငွေကြေးဒေါ်လာသင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ **မိမိတို့အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)၏ သဘောထားခံယူချက်အနေဖြင့် နှစ် ၃၀ ကျော် ကျင့်သုံးလာခဲ့သည့်အတိုင်း နိုင်ငံတော်က ချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါးအတွက် အဓိကထားဆောင်ရွက်လျက်ရှိ**ကြောင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ဒေသအတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှ လက်ခံထားခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် **ဒေသတွင်းနှင့် နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းရေးလုပ်ငန်းရပ်များအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ NDAA (မိုင်းလား)အဖွဲ့က ဒေသထွက် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တက်ရောက်လာကြသူများက အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီအဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



**နေပြည်တော် မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်( ၃ )အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက်အထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄ ) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ အဆိုပါကျောင်းများတွင် ၂၀၂၅ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် စခန်းသွင်းလေ့ကျင့်သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ သင်ခန်းစာများပြန်လည်လေ့ကျင့်ကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကျောင်းသား၊ကျောင်းသားများအနေဖြင့် စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရေး ကြိုးစားကျက်မှတ်ကြရန်နှင့် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာသင်ကြားနိုင်ရေးအတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ၁၅ ကြိမ်မြောက် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် ၁၆ ကြိမ်မြောက် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ ရောက်ရှိ

**ရန်ကုန် မေ ၂၅**

မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၅ ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တင်ဆောင်လာသော MT YU DONG သင်္ဘောသည် မေ ၂၃ ရက် နံနက် ၂နာရီခွဲက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့လည်းကောင်း၊ ၁၆ ကြိမ်မြောက်လှူဒါန်းသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တင်ဆောင်လာသော MV.Orient Glory သင်္ဘောသည် ယမန်နေ့ညနေ ၄ နာရီက သီလဝါ (MITT) ဆိပ်ကမ်းသို့လည်းကောင်း ရောက်ရှိခဲ့ကြသည်။




ထိုသို့ BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ရောက်ရှိလာသည့် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်တို့ကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OuyangDaobing က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး အဆိုပါ ရောက်ရှိလာသည့် အောက်တိန်းနှင့်ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့ စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ သီလဝါ(MITT)ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တို့ကို ယနေ့ နံနက် ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေး သံမှူး Mr. Ouyang Daobingက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေမှုအခြေအနေများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်အဖွဲ့ ၁၃ ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မေ ၂၅**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာဆာဂေးရှွိုင်းဂူ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ ၂၇ ရက်မှ ၂၉ ရက်ထိကျင်းပမည့် ၁၃ ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များအစည်းအဝေးတွင်လည်း ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၅**

ယနေ့ညနေ ၄နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ WRF မော်ဒယ်လ်၏ ၂၅-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ၂၀၂၅ ခုနှစ် မေ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်ပြန်လည်ပြုပြင်ရန် သြဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက်ရှိ Idea Mobile အဆောက်အအုံ၌ အပျက်အစီးများအား စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော် အခွန့်ရှည်စွာတည်တံ့နိုင်ရေးနှင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မဟာမုနိရုပ်ရှင်တော်ရှေ့၌ ကျင်းပပြုလုပ်သော မဟာမုနိဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများထံမှ နဝမအကြိမ် သြဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်သြဝါဒါစရိယ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော သြဝါဒါစရိယရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို တင်ပြလျှောက်ထားပြီး သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒများခံယူကြသည်။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် သြဝါဒါစရိယရာတော်ကြီးများနှင့်အတူ မဟာမုနိရုပ်ရှင်တော်၏ ဂန္ဓကုဋိတိုက်အတွင်းပိုင်းနှင့် အပြင်ပိုင်း ကြံ့ခိုင်မှုအခြေအနေများ၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ရှေးမူမပျက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဘုရားကြီး၏ဘဏ္ဍာတော်တိုက် ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုအခြေအနေများကိုကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေး ချမ်းအေးသာစံမြို့နယ်နှင့် ရန်မျိုးလုံရပ်ကွက်တို့ရှိအန္တရာယ်ရှိလူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖြိုချရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ရေး အသေးစိတ်ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာရှိအခြေခံပညာမူလတန်းကျောင်း၌ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ရှိ မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက် ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံရှိ လိုင်းအမှတ်(၁)မှ ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့် လိုင်းအမှတ်(၂)အား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆင်မင်းဘိလပ်မြေစက်ရုံနှင့် ALPHA ဘိလပ်မြေစက်ရုံတို့၌ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# ကဆုန်လ စာအလင်္ကာများ

**မောင်လူမွေး(မြန်မာမှု)**

မြန်မာ့ ၁၂ လရာသီဘွဲ့စာလင်္ကာများကို ရေးစပ်ကြသည့်စာဆိုတော်များ ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်ခဲ့ကြပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တစ်လျှောက် ရေးစပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ မယ်ခွေ၊ ဦးကြင်ဥ၊ ဦးကြော့၊ ဦးယာ၊ ဦးပုည၊ ကင်းဝန်မင်းကြီးစသည်ဖြင့် စာဆိုအသီးသီးများသည် သူ့နည်းသူ့ဟန်နှင့် ဥတုသုံးလီလရာသီ ၁၂ ခုကို ရှုထောင့်၊ တွေးထောင့်များနှင့် အသီးသီး ရှုမြင်ခဲ့ကြသည်မျိုးရှိပါသည်။

တချို့ရာသီဖွဲ့စာပေများသည် ပြောင်မြောက်ကောင်းမွန်သော်လည်း စာဆိုသူမထင်ရှားဘဲ ခေတ်အဆက်ဆက် တည်တံ့လာသည်ကိုလည်း တွေ့ရပါသည်။ ဤ၌ ပထမဆုံးတင်ပြမည့် ပေါ့ပေါ့ပါးပါး ကဆုန်လ စာအလင်္ကာကို ဦးစွာတင်ပါမည်။

**"ခွန်းထောက်သဖြန်" –**

**ကဆုန်လကြုံရပါတဲ့ မြတ်ပွဲတော်၊**
**သွန်းညောင်ရေ စုကာပေါင်းတယ် လောင်းကြပျော်ပျော်။**
**မြတ်ဗုဒ္ဓေါ်ရည်မြော်လို့ အေးစေကြောင်း၊**
**ဗောဓိပင် ပလ္လင်နန်းကို ဖျန်းလို့ ဆုတောင်း.....။**
**အပူဝေးလို့အေးကြပါစေကြောင်း ..... ။**

ဖော်ပြပါခွန်းထောက်မှာ ဇာတ်ပွဲတွင် မင်းသား၊ မင်းသမီးမထွက်မီ လူရွှင်တော်များက ဤနေ့ည ကပြအသုံးတော်ခံကြမည့် မင်းသမီး၊ မင်းသား၊ ဇာတ်စီး၊ ဇာတ်နင်း၊ ရှေ့ပိုင်းနောက်ပိုင်းများကို နိဒါန်းအနေဖြင့် ပြည်ဖုံးကတ္တီပါကားကြီးရှေ့သို့ ပြောရန်ထွက်လာကြသောအခါ လူရွှင်တော်တစ်ဦးစီက တစ်ပိုဒ်စီဆိုကြရသော ခွန်းထောက်လေးဆက်သဖြန် အမျိုးအစားဖြစ်ပေသည်။

ခွန်းထောက်သဖြန်ဆိုသောအခါ အသံကိုဖြန့်၍ ဆိုရလေသည်။ ဒွေးချိုးလေးဆက်ကဗျာအမျိုးအစားဖြစ်သည်။ သီချင်းကြီးကဏ္ဍနှင့် ဆက်စပ်ပါက ပတ်ပျိုးဆုံးသည့်အခါတွင် ဆက်ဆိုရသော စာကဗျာများ ဖြစ်သည်။ ဇာတ်ထွက်ရာတွင်မူ ပဏာမဆိုရသော အကြောင်းအရာဖြစ်သည်။ အချို့ကလည်း တောခရီးလမ်းတွင် စခန်းခွန်းထောက်ရပ်နားရာတွင် ဆိုရန်ဖွဲ့ဆိုထားသောကြောင့် ခွန်းထောက်ကဗျာဟုလည်း မှတ်ယူကြပေသည်။

ဤခွန်းထောက်မှာ အလွန်အသိခက်သော ဝေါဟာရအသုံးအနှုန်း မပါဘဲ အများသူငှာသိနိုင်သော အကြောင်းခြင်းရာဖြစ်သည်။ ပေါ့ပေါ့ပါးပါးဆိုနိုင်သည့် ကဆုန်လဘွဲ့စာအလင်္ကာဖြစ်ပေသည်။

အပိုင်း လေးပိုင်း လေးချိုးရှိသဖြင့် လေးဆပ်သဖြန်၊ လေးဆပ်ခွန်းထောက် သဖြန်ဟုခေါ်ရပေမည်။ လေးချိုးကြီး မဟာလေးချိုးကြီး စသည်ကဲ့သို့ အတွန့်အတက်မရှိ သာမန်ရေးစပ်သုံးထားသည့် ကဆုန်လဘွဲ့ဖြစ်သည်။ စာဆိုအမည်မှာ မထင်ရှားပေ။ ကဗျာရေးချင် စာစပ်သင်ဆိုသောသူများ ရေးဖွဲ့နိုင်သော စာပေဖြစ်ပေသည်။ အောက်ပါ လေးချိုးသဖြန်မှာ စာဆိုတော် ဖိုးသူတော် ဦးမင်း၏ လေးချိုးသဖြန် ဖြစ်ပါသည်။

စံကားဝါငုံသင်းလို့ ကြယ်မင်းတည့်(တဲ့) ဝိသာခါ၊ တိမ်ဖွေမှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ချိန်ခါ၊ စုံကန္တာဟေမာမြိုင်ထဲ၊ ရွှေကျေးပျံသင်လို့ စံပျော်ရှင်သည် ဟိုကူးလို့ငယ်... မြူးကြစမြဲ....။

ဤစာအလင်္ကာမှာ ဖိုးသူတော် ဦးမင်း၏ စာကဗျာဖြစ်သည်။ ဖိုးသူတော်ဦးမင်း (၁၁၆၀ ခန့်–၁၂၁၀ ခန့်)မှာ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ဦးလမ်း၊ ဦဇ၊ ဦးနု၊ ဦးမင်း စသည့်စာဆိုများကဲ့သို့ ထင်ရှားခဲ့သော စာဆိုဖြစ်သည်။ ဦးမင်းစာဆို နှစ်ဦးရှိခဲ့သည်။ ကွဲပြားရန် ဖိုးသူတော်ဦးမင်း လူဦးမင်းဟုခေါ်ဝေါ်ခဲ့ကြသည်။ ဖိုးသူတော်ဦးမင်းဟုခေါ်ခြင်းမှာလည်း ငယ်စဉ်က အိန္ဒြေဘာသဒဇေဘွဲ့နှင့် ကိုရင်ကြီး အနေနဲ့ နေခဲ့ဖူးသည်။ နောင်လူထွက်၍ နန်းမတော်မိဖုရားကြီးဖြစ်သူ မယ်နုထံတွင် ခစားစာဆိုရကြောင်း သိရပေသည်။ သဖြန်လေးဆပ် ၁၂ ပုဒ်၊ ၁၂ လရာသီလွမ်းချင်း၊ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းနွေမိုးလေးချိုးကြီးများကိုစပ်၍ ရတုဒုံးချင်းများလည်း ရေးသားခဲ့သည်။ ဤလေးဆပ်သဖြန်သည်လည်းပဲ အထက်ဖော်ပြပါ စာလင်္ကာကဲ့သို့ လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါးပင် ရွတ်ဆိုရန် အသိလွယ်ပေသည့် စာဖြစ်ပါသည်။

**"တေးထပ်" –**

**ပရမေ ဘဂဝါအမြတ် ဇလာကပ်သွန်းလျှနံ့သာ ခတ်မွှန်ကြူ ကျွန်းဇမ္ဗူခြိမ့်သဲ...**

**ပုညာဘိ ဩွန်းပြောင်ဝေသည် သွန်းညောင်ရေ ပြည့်ခါပွဲ...**

**မြန်မာတို့စဉ်အလာနွှယ် မင်္ဂလာခြယ်တင့်ဆဲ သဘင်မဟာ အယဉ်နွဲပါလို့ ရွှင်စမြဲကြည်ပေရာ...**

**ရပ်ပေါင်းစုံ တစ်အိမ်မလပ် အချိန်မြတ်ကောင်းမှုပူဇော် ဝတ်နတ် အဇတာကျော်အောင်..**

**ဇလာအဖျော် အမွေးရေကရမက်ကယ်နှင့် ပရမေဓမ္မစက် စေတီယင် သွန်းပြုရေစင်...**

**ဥဒ္ဒိသနှင့် မာတုဓမ္မအရှင်ကို သာဓုနရသဘင် အောင်ပွဲတော်မို့ လေး။...... ။**

ဤကဗျာမှာ တေးထပ်အမျိုးအစားဖြစ်သည်။ ထပ်တွန့်တေးထပ် ဖြစ်သည်။ တေးထပ်များမှာ သာမညတေးထပ်၊ တေးထပ်ဆန်း၊ တေးထပ်ပိုဒ်စုံ၊ ၈၀–ပေါ်တေးထပ် စသည်ဖြင့် ကွဲပြားမှုအမျိုးမျိုးရှိပေသည်။

တကယ့်ပွဲကြီးလမ်းကြီးများဖြင့် သဘင်ခံရသောအခါ ၈၀–ပေါ် တေးထပ်၊ ထပ်တွန့်ကြီးတေးထပ်များဖြင့် သီဆိုတီးမှုတ်ကြသည်က များပါသည်။ ၈၀–ပေါ်တေးထပ်ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ကစ၍ ပေါ်ပေါက်လာသောကြောင့် ၈၀–ပေါ်တေးထပ်ဟုခေါ်ကြောင်း ရေးကဗျာဆရာများက ဆိုမိန့်ကြလေသည်။ ၈၀– ပေါ်အရေးကောင်းသူများ၏ စာအလင်္ကာများကို ဂီတနှင့် တွဲဖက်၍သီဆိုပါက အလွန်သာယာနာပျော်ဖွယ် ရသပေါ်လွင်ခံစားရပေသည်။

**"ရှစ်လုံးဘွဲ့ကဗျာ" –**

- အလောင်းတော်ကြီး ပျော်မှီ.နတ်ပြေ၊
  ဖြဟ္မနတ်ပေါင်း ပန်တောင်.ထွေထွေ၊
  သန္ဓေမှီးလို့ ရိပ်ထီးလူ့ပြေ၊
  ဖွားမြင်မှု ရတုကဆုန်နွေ။

- ဖွားတော်မူက လူမျှော့ညွတ်ရုံ၊
  ကပ္ပိလနန်း စံမြန်းသုံးဘုံ၊
  တောထွက်စခန်း မြိုင်နန်းရဂုံ၊
  ဘုရားဖြစ်အားသစ် လ, ကဆုန်။

- ၄၅–မြောက် သက်ရောက်ရှစ်ဆယ်၊
  မလ္လာအင်ကြင်း ပင်မင်းအလယ်၊
  ဝမ်းတော်လားလို့ ရွှေအားတော်ငယ်၊
  နိဗ္ဗာန်နန်း စံမြန်းကဆုန်ဝယ်။

- ရှင်တော်ရုပ်ကလာပ် တုပ်ဝပ်လုံးစုံ၊
  နံ့သာရှိန်မီး ထိန်ညီးဖုံဖုံ၊
  ဓာတ်တော်ကြွင်းကြ မင်းမျှော့ဝေပုံ၊
  စေတီများတည်ထား လ, ကဆုန်။

- ဖွားမြင်မြောက်တော့ နွေပေါက်ကဆုန်၊
  ဗောဓိပလ္လင်နန်း စံမြန်းကဆုန်၊
  နိဗ္ဗူခြွေကြ နွေလကဆုန်၊
  ကိလေနညီမျှ, လကဆုန်။

- ကဆုန်မာသ ကာလကိုမျှော်၊
  ထိပ်တင်ဥက္ကဋ္ဌ တုပ်ဝပ်ကော်ရော်၊
  ရှင်တော်ငြိမ်းဇာတ် ထိမ်းမှတ်အလျော်၊
  ညီအမျှဤလ ရေပူဇော်။

ဤကဗျာမှာ ရှစ်လုံးဘွဲ့ကဗျာဖြစ်သည်။ ရှစ်လုံးဘွဲ့ကဗျာများကို ဘာသာရေးဆိုင်ရာ၊ ပူဇော်ပွဲများတွင် အသုံးပြုကြပါသည်။ ပူဇော်မည့် အကြောင်းအရာကိုလိုက်၍ (ဝါ)ဒုရေး၊ သုရေး (သုမင်္ဂလ)တွင် သုံးကြပေသည်။ ဒုရေးတွင် သံဝေဂသဘောပါသော အဓိပ္ပာယ်များကို ရေးစပ်ကြသည်။ သုရေးတွင်မူ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုကြည်ညိုဖွယ် သဒ္ဓါစိတ်ဖြစ်စေမည့် အကြောင်းအခြင်းရာများကို ရေးစပ်ကြရသည်။ အများနားလည်နိုင်သော ဝေါဟာရအသုံးအနှုန်းများကို သုံးတတ်ကြပါသည်။ ကာရန်အနေနှင့် ၂ မတြာဒီဃ၊ ၃ မတြာ၊ ၃–မတြာအထက် ပလုတအသုံးများကို များသောအားဖြင့် သုံးရပေသည်။

ကိုလိုနီခေတ်နှောင်းနှင့် လွတ်လပ်ရေးရပြီးကာစ ဝန်းကျင်တွင် ယပ်လှဲတရားဟောပုဂ္ဂိုလ်များ၊ ဟောစာများ အလွန်ပေါ်ပေါက်လာသည်။ ထိုတရားပွဲကြီးများမဟောကြားမီ ရွတ်ဆိုကြသည့် ဒုရေး၊ သုရေး နှစ်ခုလုံးပင် ရှစ်လုံးဘွဲ့ကဗျာကို သုံးကြသည်။ အကြောင်းအရာကို လိုက်၍ တိုတိုလည်းရသလို ရှည်၍လည်း ရနိုင်ပါသည်။

**"လူးတား" –**

**သာစွလေ– ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြိုသ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဇ္ဈူလှရာ၊ ပန်းတကာကို၊ မြူ့တာ, တကောင်း၊ မတင့်တောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးရင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်..**

**အခါညောင်ရေသွန်းတည့်လေ.....**

**ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး......။ ။**

ဖော်ပြပါစာလင်္ကာမှာ ကဆုန်လဘွဲ့ လူးတားဖြစ်သည်။ ကဗျာသဘောတရား၌ ၃ မတြာ ၃ မတြာထက် အထက်အသံကို ရှည်ရှည်ရွတ်ဖတ်ရလျှင် ပလုတဖြစ်ပေသည်။ ကဗျာသာရတ္ထသင်္ဂြိုဟ်နှင့် ဆရာကြီးဓမ္မာစရိယဦးထွန်းရွှေ၏ ကဗျာ့စွယ်စုံကျမ်းကြီးတွင် ပလုတမှရွေ့လျားလာကာ လူးတားဖြစ်သည်ဟု ဖွင့်ဆိုလေသည်။

အချို့ပညာရှင်များကလည်း ရေစီးသန်သော ချောင်း၊ မြစ်ကြောင်းတို့တွင် လှေဆန်တက်သောအခါ ကြိုးဖြင့် ဟိုဘက်ဒီဘက်ဆိုင်း၍ဆွဲ၍ လှော်တက်သွားသည်ကို "လူးတားပေါက်" သည်ဟု ခေါ်သည်။ ထိုအခေါ်ကိုအကြောင်းပြု၍ "လူးတား" ဟုခေါ်ဆိုခြင်းကိုလည်း ဖွင့်ဆိုပေသည်။

လေးလုံးစပ်လင်္ကာဖြင့် နှစ်ပိုဒ်ဖြစ်စေ၊ သုံးပိုဒ်ဖြစ်စေ၊ လေးပိုဒ်ဖြစ်စေခံပြီး သုံးလုံးတစ်ပိုဒ်ကို "လေ"ဟူသောအက္ခရာထား၏။ ရတုလင်္ကာများကဲ့သို့ပင် လေးလုံးစပ်အလင်္ကာပင်ဖြစ်သည်။ အချပိုဒ်နှင့် အက္ခရာခုနစ်လုံးဖြင့်ဆင့်၍ ချရသည်။ ဤလူးတားမှာ အချသည် "အခါညောင်ရေသွန်းတည့်လေး၊ ရွှေပြည်ရွှေဝနန်းတည့်လေး" ဟုချထား၍ လူးတား အနေနှင့်ရေးထားသော ကဆုန်လစာအလင်္ကာဖြစ်သည်။

**"အဲချင်း"**

**ဖန်နန်းမှ မျက်အုံလေ... နေနှင့်ယှဉ်မို့၊ ရောဟဏီလည်း၊ မှန်စီဆောင်က၊ ရွှေထီးရိပ်ပြေပါလို့၊ လွမ်းစယှက်သွယ်၊ မင်းမူဟန်ကျယ်လှ၊ မိုးလယ်ဘုံမှာတည့်လေး...**

**ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်သို့၊ ရှစ်မျက်နှာစို၊ တောတခိုမှာ၊ ပျို့နုနုနှင့်၊ ကျီးဥမှလဲ့ပြာ။ စံကားထုံသင်း၊ ဂေါစာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေငယ်စံသည် (ညာကြေငယ်ပျံသည်)၊ ယုဂန်မှာ တိမ်တစ်ပုံက၊ ဂဠုန်လို ဝဲ။**

**အသည်းမှာဆွတ်ကျင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ပိုက်ဦးငင်လို့၊ သဘင်မှဖြိုးဝေ။**

**စင်ရော်,သောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ် ခြွေသည်။ ဂြိုဟ်စနေ ဖီလာပိုင်းဆီက၊ မုန်တိုင်းချီပြင်း။ ပြည်ကမ္ဘာဇ၊ တိုင်းညီမြမှာ၊ တံငါ့တာရာ၊ ကြယ်ဥက္ကာနှင့်၊ အခါညောင်ရေ၊ ပွဲစုံငယ်ထွေလို့၊ လွမ်းပွေဆိုင်ညီ၊ သေမင်းပင် မှီရော့ထင့်။ စက်ရာသီ ပြိသရေးတဲ့၊ ငိုကြွေးခင်းလေး.....။**

စာဆိုမယ်ခွေ၏ ကဆုန်လဘွဲ့အဲချင်းဖြစ်သည်။ စာဆိုတော်မယ်ခွေမှာ ကုန်းဘောင်ခေတ်ထင်ရှားခဲ့သော စာဆိုတစ်ဦးဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက် နန်းတွင်း၌ခစားရသော စာဆိုအမျိုးသမီးတစ်ဦး ဖြစ်သည်။

အဲချင်းအမျိုးအစားမှာ အစပိုဒ်၌ **"နေနက်ကယ်မှရာဇာလေ... ခမောက်ကယ်မှစိန်တောင်လေ...မင်္ဂလာရယ်မှမဏ္ဍိုင်လေး..."** စသည့်ဖြင့် ခြောက်လုံးဖြစ်စေ၊ ခုနစ်လုံးဖြစ်စေ စ၍ သုံးချိုးလေးချိုးဖြင့် စပ်ဆိုရေးသားထားသောစာပေအမျိုးအစားဖြစ်သည်။ အဲချင်းမှာ အရှင်သခင် အကြီးအကဲကို ပသတမ်းတပြီး ဆိုသောသဘောလည်းဖြစ်ပေသည်။ ထို့ကြောင့် နတ်ပွဲအစအဲချင်းကဟု ဆိုရိုးရှိပေသည်။

စာဆိုမယ်ခွေ၏ အဲချင်းထူးခြားချက်မှာ ဝေဒပညာနှင့်ကြည့်ပါက ရာသီစက်၊ တိတ်စွဲဒေသ၊ ဂြိုဟ်နက္ခတ်တာရာ၊ ရာသီပန်း၊ ပတ်ဝန်းကျင်မြင်ကွင်း၊ ရာသီပွဲ စသည်တို့ကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပေါ်လွင်အောင်ရေးသားထားလေသည်။ နက္ခတ်ဗေဒင်ကျွမ်းကျင်သူများ အနေနှင့်ကြည့်ပါက **စာမျက်နှာ ၂၃ သို့**

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွား





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား၌ အမှတ်(၆၈၇)အစုန်ကျောက်ရထား လမ်းချော်ကျခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၅**

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ အလစ်အငိုက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ပဲခူး-မော်လမြိုင်လမ်းပိုင်း၌ သဲဖြူကုန်းမှ ကလိခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၆၈၇)အဆန်ကျောက်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာမှ နံနက် ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၃/၂၃-၂၄ အရောက် ရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၈ နာရီ ၄၅ မိနစ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့်မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင်ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက် စက်ခေါင်းမောင်း နားနေတွဲနှင့် ကျောက်တွဲ ငါးတွဲတို့လမ်းချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့် တွဲများကိုမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းကို နံနက် ၈ နာရီ ၅၁ မိနစ်တွင် လမ်းပိုင်းအား ခေတ္တပိတ်သိမ်း၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သိမ်ဇရပ်ဘူတာသို့ ရောက်ရှိရပ်နားထားသည်။ ထို့အတူ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့နံနက် ၉ နာရီ ၇ မိနစ်တွင် သဲဖြူကုန်းဘူတာသို့ ရောက်ရှိရပ်နားထားသည်။ မြန်မာ့မီးရထားက အဆိုပါ ရထားများကို ခရီးအစဘူတာများဖြစ်သည့် ရန်ကုန်နှင့် မော်လမြိုင်ဘူတာသို့ ပြန်လည်ထွက်ခွာပြီး ခရီးသည်များကို လက်မှတ်ခများ ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၂ ကြိမ်၊ ရထားတံတား၊ သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ်ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမို တိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှေ့ဆိုင်းခွင့်ရသူများ

**ရှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**စာမျက်နှာ ၂၂ မှအဆက်**

အလွန်ပညာရပ်ဆန်သော၊ကောင်းမွန်တန်ဖိုးရှိသော စာပေအမျိုးအစားဖြစ်ပေသည်။ ဝေဒပညာရပ်နှင့် တိုင်းနိုင်ငံတိတ်စွဲများကို မှုကွဲတွေ့ပါက မယ်ခွေ၏အဲချင်းပါ တိတ်စွဲနှင့် ညှိရပါသည်။ ထိုအနေထားမျိုးကို ရေးသားထားသော အဆင့်မြင့်ရာသီဘွဲ့ အမျိုးအစားဖြစ်ပါသည်။

**“ကြိုး သီချင်း”**

အောက်တွင်ဖော်ပြမည့် “တေတလေတေ တေလေ ထံချန့်ချန့်တေ...” စသောတေးသွားမှာ ဗောဓိညောင်ရွက် သံကြိုးသီချင်းဖြစ်သည်။ အလောင်းဘုရားလက်ထက် မြင်းရည်တပ် ၆ ကြိတ် ၈ ယောက်(၆၈)တွင်ပါဝင်သော လက်ဝဲနော်ရထာ ဦးနေဆိုသည့်ပုဂ္ဂိုလ်ဖွဲ့ခဲ့သော သို့မဟုတ် ရေးကရှိခဲ့ပြီးသော ဗောဓိညောင်စာအလင်္ကာကို ဂီတသင်္ကေတပြုခဲ့သော တေးသွားဖြစ်ပေသည်။

ထိုကဲ့သို့ ဂီတတေးသွားသင်္ကေတများကို ဒူပေါင် ထန်ပေါင်ဟုခေါ်သည်။ ဆရာပန်းမူ ဆရာရိပ်မူမည်သည့် ဆရာမူ စသည်ဖြင့် ဂီတမျိုးဆက်တွင်ရှိပါ၏။ မြဝတီမင်းကြီးဦးစ၏ သီချင်းစာသားအချို့တွင် ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုးစသည်ဖြင့် မည်သည့်စာသားဝေါဟာရမျှမပါဘဲ တေတလေ၊ ဒူတေလေ၊ ဒျန့်ဒျန့်ဒူ စသည်ဖြင့် ရေးဖွဲ့ထားမှုအများပင် တွေ့ရပါသည်။

ဤသည်ကိုတေးတွဲ့ဟုလည်းခေါ်ကြောင်းသိရပါသည်။ ဂီတပညာရှင်များဖြစ်ကြသည့် ပုသိမ်ဒေါ်တင်တင်၊ ဣန္ဒဝဇီရ (ခေါ်) သခင်အောင်ရှိန် (ဘိုက်သိက်မင်္ဂလာကျမ်းပြု) ဤကဲ့သို့ သဘောသက်ဝင်သော တံတျာတေရှင် ပုဇဉ်းတောင်သံကြိုးကို ပဋ္ဌသခ်နတ်စောင်းသဘောဖြင့် အနက်အဓိပ္ပာယ် ကြံဆဖွင့်ဆိုခဲ့ဖူးသည်ကို အမျိုးသားစာပေဆုများရှင် (ခတ်ပြား)ဦးမောင်မောင် သူ၏မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း၌ ထိုခေတ်ပညာရှင်များ၏သဘောမှတ်ချက်ကိုလေ့လာဖော်ပြထားလေသည်။

ဥပမာအနေနှင့်ပြောရပါက မှုန်ရွှေရည်သီချင်းအလိုက်ကို စာသားမရ၍ဖြစ်စေ၊ ရ၍ဖြစ်စေ လေချွန်သောအခါ သို့မဟုတ် ပါးစပ်ကညည်းသောအခါ..ဒီဒိဒီ...ဒီဒီဒိဒီဒီ...စသဖြင့် ထွက်လာသည်။ နိဂ္ဂဟိတ် အသံကိုရေးထားသော စာသားမပါ (Word Lose) စာလုံးပျောက်သင်္ကေတဖြစ်သည်။ (Melody) သဘောဖြစ်ပေသည်။ စာရှုသူ ဒူပေါင် ထန်ပေါင်ကို စာလုံးသွင်း၍ ရေးခေတ်ကရေးခဲ့သော ကဆုန်ဗောဓိညောင်ရေသွန်း....စာကြောင်း၊ စာသားအကြောင်းအရာကိုဖြည့်စွက်၍ စာအလင်္ကာ မြုံးကြည့်ပါဘိ။

ကမ္ဘာကျော်စစ်တုရင်ကစားကွက်ဖြစ်သည့် ဗော်လကာတောင်တန်းကိုဖြတ်ကျော်ခြင်းဆိုသော စစ်တုရင်ကွက်ကို တစ်ကွက်ချန်၍(ဝါ) မြှုပ်၍ကစားကြရာ ယနေ့တိုင် ထို့အတိုင်း ကစားပွဲမသိမ်းနိုင်သေးဆိုသော အဆိုတစ်ခုရှိပေသည်။

ဤဗောဓိညောင်ရွက် သံကြိုးသီချင်းသည်လည်း ကဆုန်ညောင်ရေသွန်းအကြောင်းပင်လော သို့မဟုတ် ဤနေမျိုးမဟာကျော်ထင်ပင်ရေးဖွဲ့သော(၁၁၃၂ တန်ဆောင်းမုန်းလ)ဗောဓိရွက်သံကြိုးကဲ့သို့ ဆောင်းဘွဲ့လော (နိုင်ငံတော်မှ မဟာဂီတ) စာရှုသူများ ဉာဏ်ကစားရမည့် ဗောဓိရက္ခေ ကဆုန်လဗောဓိညောင်ကြိုးသီချင်းကြီး ဖြစ်ပါတော့သည်။

(တေတလေ)J ထံတုံ့တုံ့(တေ)J လေ (တေလေ) ထံတုံ့တုံ့တေ (တေလေ)တလေထူ (ထံ)တျာ(တာလျာ) တို့တို့တေတေတလေတေ တေတျာထူတုံ့တေထူတျောတေတျော (ထံ) တေတျော(ထူတျော) ပထူထပ် တာတေထံတျာထပ်တျာတေတျော (ထံတျာ)' တျောတေထူ ထံတ္တံ့ တျောထပ်တျာ

# စစ်ကိုင်းခရိုင်တွင် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၁၀၀၀ ကျော် စိုက်ပျိုးမည်


ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် လာမည့်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၁၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၉၁၈ ကေနှင့် မြင်းမူမြို့နယ်တွင် ၁၆၇ ကေ စုစုပေါင်း ၁၀၈၅ ကေတို့ ဖြစ်ကြောင်း၊ ထောပတ်ပဲစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်ကာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ထောပတ်ပဲကေ ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲစိုက်ပျိုးဖို့ လယ်ယာမြေတွေ ထွန်ယက်နေပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်း ရရှိတဲ့အတွက် ပိုမိုစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့် စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန် အတွက် သီးညှပ်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လက ကကတစ်ငါး ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီးဧပြီ ၁ ရက်မှ ၃၀ ရက် ထိ ကကတစ်ငါးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လထဲမှာ ကကတစ်ငါးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့ရောင်းချမှုတက်ခဲ့တာပါ။ ကကတစ်ငါးက အကြမ်းခံတဲ့ငါး အမျိုးအစားထဲမှာပါပါတယ်။ ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်တွေလဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးများအပါအဝင် ရေထွက်ကုန်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ်အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၃၁ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၂၅ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်းကို ထုတ်ချေးထားကြောင်း သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကော့ကရိတ်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကော့ကရိတ် မေ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘုရားကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ကွပ်ကဲမှုစစ်ဌာနချုပ်များ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့သော အိန္ဒိယ

မောင်စိန်အိ(နဘဲမြေ)

၂၀၂၀ ပြည့်နှစ်အတွင်း အရှေ့ပိုင်းလာဒက်ခ် ဒေသ၌တပ်စွဲထားသည့်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)နှင့် အိန္ဒိယကြည်းတပ်တို့ကြား လက်နက်ကိုင်ထိတွေ့မှုများ ဖြစ်ပွားခဲ့ခြင်းသည် ပါကစ္စတန်၊ တရုတ်တို့နှင့်နယ်မြေထိစပ်နေသော အိန္ဒိယ၏ ဟိမဝန္တာဒေသကို မတည်မငြိမ်ဖြစ်စေခဲ့သည်။

ထို့ပြင် ယခုနှစ် ဧပြီလ ၂၂ ရက်တွင် ပါကစ္စတန်အခြေစိုက်အကြမ်းဖက်အုပ်စုသည် ဂျမူးနှင့်ကက်ရှ်မီးယား ဒေသရှိ ပါဟယ်ဂမ်(Pahalgam)၌ ခရီးသွား ၂၆ ဦးကို ပစ်သတ်မှုဖြစ်ခဲ့ပြီးနောက် အိန္ဒိယနှင့်ပါကစ္စတန်တပ်မတော်တို့ကြား ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အိန္ဒိယတပ်ဖွဲ့ဝင်မြောက်မြားစွာကို အထိခိုက်မခံသည့် နယ်စပ်ဒေသသို့ ရွှေ့ပြောင်းမှုများလုပ်ဆောင်လျက်ရှိသည်။

ထိုအတောအတွင်း အိန္ဒိယနိုင်ငံသည် ၎င်း၏ တပ်ဖွဲ့များ၊ တပ်မများ၊ စစ်ရေယာဉ်များနှင့်တိုက်ခိုက်ရေးလေယာဉ်များကို ပူးပေါင်းစစ်ဌာနချုပ်များတွင် ပြောင်းလဲပေါင်းစပ်ဖွဲ့စည်းလျက်ရှိသည်။ ၎င်းစစ်ဌာနချုပ်အသီးသီးသည် သက်ဆိုင်ရာနယ်မြေဒေသအသီးသီးကို ကာကွယ်ရန်နှင့်လိုအပ်ပါက ထိုးစစ်ဆင်နွှဲနိုင်ရန် ကိုယ်ပိုင်ထိန်းချုပ်ထားသော လက်နက်စနစ်၊ တပ်ဖွဲ့ဝင်အင်အားနှင့်စစ်လက်နက်ပစ္စည်းများ ပိုင်ဆိုင်ထားသည်။

စစ်ဌာနချုပ်များ ပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းသည် အိန္ဒိယ၏ လက်ရှိကြည်း၊ ရေ၊ လေ ဌာနချုပ် ၁၇ ခုကို ပေါင်းစပ်ကာ စစ်နယ်ဝန်းဌာနချုပ်များဖြင့် အစားထိုးသွားရန် ရည်မှန်းထားရှိပြီး စစ်ဆင်ရေးဆိုင်ရာကွပ်ကဲမှုတပ်ဖွဲ့များ ပြုပြင်ပြောင်းလဲခြင်းကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ နိုင်ငံမြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းဒေသတွင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရန် ကြည်းတပ်ဒုတိယဗိုလ်ချုပ်ကြီး ဦးဆောင်သော မြောက်ပိုင်းစစ်နယ်ဝန်းဌာနချုပ်ကို ဖွဲ့စည်းထူထောင်သွားရန် မျှော်မှန်းထားရှိသည်။ အလားတူ လေတပ်ဗိုလ်ချုပ်ကြီး ဦးဆောင်သော အနောက်ပိုင်းစစ်နယ်ဝန်းဌာနချုပ်သည် ပါကစ္စတန်ကို ဟန့်ချက်ထိန်းညှိသွားမည်ဖြစ်သည်။ အနောက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိ အိန္ဒိယ၏ ကီလိုမီတာ ၇၅၀၀ ရှည်သော ကမ်းခြေနှင့် ကီလိုမီတာ ၁၂၅၀၀ ရှိသော ကျွန်းနယ်မြေများကို ကာကွယ်ရန် ရေတပ်ဗိုလ်ချုပ်ကြီးဦးဆောင်သော သီးခြားပင်လယ်ရေကြောင်းကွပ်ကဲမှု စစ်နယ်ဝန်းတစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထိုအတောအတွင်း ကြည်း၊ ရေ၊ လေ တပ်ဖွဲ့သုံးခုပါဝင်သော မဟာဗျူဟာ မြောက်တပ်ဖွဲ့ဌာနချုပ် (SFC) သည် အိန္ဒိယ၏ နျူကလီးယားဟန့်တားမှုတပ်ဖွဲ့ကို စောင့်ကြည့်တာဝန် ပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် ဆိုက်ဘာနယ်ပယ်ကွပ်ကဲမှုဌာနချုပ်ကဲ့သို့သော သီးခြားရည်မှန်းချက်ဆိုင်ရာ ကွပ်ကဲမှုဌာနချုပ်များကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် စစ်လက်နက်ပစ္စည်းများ သာတူညီမျှခွဲဝေရရှိရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ ထိုသို့ ခွဲဝေရာ၌ သာသူနှင့်နာသူဟူ၍ ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အများဆုံး အကျိုးအမြတ်ရရှိသူမှာ တပ်ဖွဲ့ဝင်အင်အား ၈၃၀၀၀ ရှိသည့်ရေတပ်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ရေတပ်သည် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များတွင် အင်အားအနည်းဆုံးသာရှိသော်လည်း အင်အား ၃၀၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ဖြင့် ပင်လယ်ရေကြောင်း စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်(MTC)ကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။

ရေတပ်ဆိုင်ရာ မဟာဗျူဟာဆွေးနွေးမှု၌ ရေတပ်ဗိုလ်ချုပ်ကြီးများက ဘင်္ဂလားပင်လယ်အော်နှင့်အာရေဗျပင်လယ်တို့တွင် သီးခြားပင်လယ်ရေကြောင်း စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်များ ဖွဲ့စည်းထူထောင်ရေးတွက် အဆိုပြုထားရှိသည်။ ထိုသို့ ဖွဲ့စည်းရန်အဆိုပြုခြင်းသည် အခြားသော စစ်ဌာနချုပ်များကလည်း တောင်းဆိုမှုများ ရှိလာမည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ်ဟောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဆွန်နစ်လ်လမ်ဘာက ပြောကြားခဲ့သည်။

လက်ရှိဆွေးနွေးနေသော အဆိုပြုချက်များသည် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအနေဖြင့် လုပ်ပိုင်ခွင့်နှင့်အာဏာတို့အပေါ် စိုးရိမ်ပူပန်မှုများရှိနေသောကြောင့်ပင်ဖြစ်သည်။ အင်အား ၁ ဒသမ ၃ သန်းရှိသော ကြည်းတပ်သည် ဘတ်ဂျက်နှင့်အိန္ဒိယကျွန်းဆွယ်တို့အား ထိန်းချုပ်ခွင့်တို့ကို သိသိသာသာလျှော့ချခံသွားရမည်ဖြစ်သည်။ ၎င်းကျွန်းဆွယ်ရှိ ကြည်းတပ်လေ့ကျင့်ရေးကျောင်းများနှင့် စခန်းများကို ရေတပ်သို့ လွှဲပြောင်းပေးသွားရမည်ဖြစ်သည်။




ထိုသို့ လွှဲပြောင်းပေးရသည့်တိုင်အောင် တပ်မတော်၏ အကြီးမားဆုံးအစိတ်အပိုင်းအဖြစ်တည်ရှိနေမည့်ကြည်းတပ်သည် တိုင်းပြည်၏ အဓိက ခြိမ်းခြောက်မှုဖြစ်သည့် တရုတ်-အိန္ဒိယနယ်စပ်ကို ဆက်လက်ထိန်းချုပ်သွားမည့် တပ်မတော်၏ အကြီးမားဆုံးအစိတ်အပိုင်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ အမြဲတစေပါဝင်လျက်ရှိသော လေတပ်အနေဖြင့် အနောက်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်ကို ထိန်းချုပ်နိုင်ရန် ရည်မှန်းထားရှိသည်။

ကြည်းတပ်မှ တပ်မှူးတစ်ယောက်၏ ကွပ်ကဲမှုအောက်တွင်ရှိသော မြောက်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်သည် အိန္ဒိယနိုင်ငံ၏ အဓိကစစ်ရေးခြိမ်းခြောက်မှုဖြစ်သည့် တရုတ်နိုင်ငံကို ရည်ရွယ်ထားရှိပြီး အိန္ဒိယနိုင်ငံ၏ စွမ်းဆောင်ရည်ရှိသော တပ်မတော်အနေဖြင့် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ပါကစ္စတန်စစ်ဘက်ခေါင်းဆောင်များက အိန္ဒိယအနေဖြင့် ပါကစ္စတန်နိုင်ငံကိုရည်ရွယ်ကာ စစ်ရေးပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြောဆိုလျက်ရှိသည်။ လွန်ခဲ့သောနှစ်များကတည်းက အိန္ဒိယစစ်ဘက်၏ တိုက်ပွဲဝင်အခင်းအကျင်းသည် ပါကစ္စတန်မျက်နှာစာတွင် ပိုမိုတပ်ဖြန့်ချထားသည်။

၂၀၀၇ ခုနှစ်ထိ အိန္ဒိယသည် တောင်ပေါ်တပ်မ ၁၁ ခုဖြင့် လာဒက်၊ ဥတ္တရာခန်း၊ ဆစ်ကင်းတို့တွင် တရုတ်နိုင်ငံနှင့်မျက်နှာချင်းဆိုင်များ တပ်များဖြန့်ကြက်ထားရှိသည်။ တပ်မတစ်ခုလျှင် တပ်ဖွဲ့ဝင် ၁၅၀၀၀ ခန့်ရှိသဖြင့် တပ်ဖွဲ့ဝင်စုစုပေါင်းအင်အား ၁၆၅၀၀၀ ခန့်ရှိမည်ဖြစ်သည်။ ထိုအတောအတွင်း ကက်ရှ်မီးယား၊ ဂျမူး၊ ပန်ဂျပ်၊ ရာဇသန်မှဂူဂျာရတ်ထိရှည်လျားသော အိန္ဒိယ-ပါကစ္စတန်နယ်စပ်ကို အိန္ဒိယတပ်မ ၂၅ ခုနှင့်ကာကွယ်ထားရှိသည်။ တပ်မတစ်ခုတွင် အင်အား ၁၅၀၀၀ ရှိသောကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၃၇၅၀၀၀ ခန့်ထိ ရှိမည်ဖြစ်သည်။

၂၀၀၇ ခုနှစ်မတိုင်မီက ပါကစ္စတန်နယ်စပ်တွင် တပ်ဖြန့်ချထားသော အိန္ဒိယတပ်ဖွဲ့ဝင်အင်အားသည် လက်ရှိအင်အားထက်ပင် ပိုမိုများပြားလျက်ရှိသည်။ ထိုစဉ်က သံချပ်ကာတပ်မတစ်ခုစီပါဝင်သော တိုက်ခိုက်ရေးတပ်မကြီး သုံးခုလည်းပါဝင်သည်။ ကွပ်ကဲမှုဌာနချုပ်များ၊ လေ့ကျင့်ရေးသင်တန်းကျောင်းများ၊ အုပ်ချုပ်ထောက်ပံ့မှုတာဝန်ထမ်းဆောင်နေသောတပ်ဖွဲ့များမပါ လာဒက်ဒေသနှင့်အရှေ့ပိုင်းကွပ်ကဲမှုတို့တွင် တရုတ်တို့ရင်ဆိုင်နေရသောတပ်အင်အားသည် အိန္ဒိယတိုက်ခိုက်ရေးအင်အားစု၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ပါကစ္စတန်တို့ ရင်ဆိုင်နေရသော တပ်ဖွဲ့ဝင်အင်အားသည် အိန္ဒိယတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

၂၀၀၇ ခုနှစ်မှစ၍ အရှေ့ပိုင်းကွပ်ကဲမှုဌာနချုပ်ကို ကာကွယ်ရေးစွမ်းဆောင်ရည် တောင့်တင်းခိုင်မာရေးအတွက် တောင်တက်တပ်မနှစ်ခု ထပ်မံခွင့်ပြုခဲ့သောကြောင့် တပ်ဖွဲ့ဝင်အင်အား ၁၉၅၀၀၀ ထိရှိလာခဲ့သည်။ ထို့ပြင် အရှေ့ပိုင်းကွပ်ကဲမှုဌာနချုပ်အောက်တွင် ခြေမြန်တပ်မနှစ်ခုအပါအဝင် အိန္ဒိယတိုက်ခိုက်ရေးတပ်မကြီး သုံးခုအနက်မှ တစ်ခုသည် သဲကန္တာရမှသည် တောင်ပေါ်တိုက်ခိုက်ရေးတာဝန်များကို ပြောင်းလဲထမ်းဆောင်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံကို ရည်ရွယ်ကာတပ်ဖွဲ့ဝင် ၆၀၀၀၀ မှ ၂၂၅၀၀၀ ထိ တိုးမြှင့်သွားမည်ဖြစ်သည်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးသည် အတက်အကျများခဲ့သည်။ ၁၉၉၉ ခုနှစ် Kargil ပဋိပက္ခပြီးနောက် ၁၉၉၉ ခုနှစ် Kargil သုံးသပ်မှုကော်မတီ၊ ၂၀၀၁ ခုနှစ် ဝန်ကြီးများအဖွဲ့အစီရင်ခံစာ၊ ၂၀၁၂ ခုနှစ် အမျိုးသားလုံခြုံရေးအထူးတပ်ဖွဲ့နှင့် ၂၀၁၆ ခုနှစ် Shekatakar ကော်မတီတို့သည် ကြည်း၊ ရေ၊ လေ တပ်မှူးများပါဝင်သော ရာထူးနေရာတစ်ခု၏ အားသာချက်များကို ထောက်ခံတင်ပြခဲ့သည်။ ၎င်းဌာနချုပ်ကို ကြယ်ငါးပွင့်အဆင့်ရှိစစ်ဦးစီးအရာရှိချုပ်(CDS) သို့မဟုတ် ကြယ်လေးပွင့်အဆင့်ရှိ အမြဲတမ်းပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီ(PC-COSC) ဖြင့် ဖွဲ့စည်းသွားမလားဆိုသော အဆိုပြုချက်ကို တင်ပြခဲ့သည်။ အမျိုးသားလုံခြုံရေးအထူးတပ်ဖွဲ့သည် ကြယ်လေးပွင့်အဆင့်ရှိ အမြဲတမ်းပူးတွဲစစ်ဦးစီးချုပ်များကော်မတီ(PC-COSC) ကို ထောက်ခံတင်ပြခဲ့သည်။

သို့သော် ၂၀၁၉ ခုနှစ်တွင် အမျိုးသားဒီမိုကရက်မဟာမိတ်အဖွဲ့ ရွေးကောက်တင်မြှောက်ခံရပြီးနောက် ဝန်ကြီးချုပ်မိုဒီက ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ်(CDS)ကို ခန့်အပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ်(CDS) ဖွဲ့စည်းရန် တရားဝင်အတည်ပြုပေးခဲ့သည်။ ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ်(CDS)ခန့်အပ်မှုသည် အဓိကပြောင်းလဲမှုကြီး နှစ်ခုဖြစ်ပေါ်လာခဲ့သည်။ ပထမအချက် အနေဖြင့် ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ် (CDS) သည် စစ်ဘက်ရေးရာဌာန (DMA) ဟု ခေါ်ဆိုသည့် အဖွဲ့သစ်ကို ဦးဆောင်သွားမည်ဖြစ်သည်။ ၎င်းအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန (MoD) အတွင်း တာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များနှင့်သက်ဆိုင်သော ထူးခြားသည့်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။ ထို့ပြင် အစိုးရအဖွဲ့အတွင်း ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ၏ ရပ်တည်ချက်ကို ဖော်ပြသွားမည်ဖြစ်သည်။ ယခင်က စစ်ဘက်ဆိုင်ရာ ကိစ္စအားလုံးကို ကာကွယ်ရေးဝန်ကြီးဌာန (MoD) က ကိုင်တွယ်ဖြေရှင်းခဲ့သည်။ လက်ရှိအချိန်တွင် ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ် (CDS ) အတွင်းရေးမှူးဦးဆောင်သည့် စစ်ဘက်ရေးရာဌာန(DMA) သည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကိုယ်စား ဆွေးနွေးသွားမည်ဖြစ်သည်။

ထိုသို့ ဖွဲ့စည်းပြီး ငါးနှစ်အကြာတွင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအနေဖြင့် ပူးတွဲစစ်နယ်ဝန်းဌာနချုပ်များသည် ဆွေးနွေးရန်နေရာတစ်ခုမဟုတ်ကြောင်း ကောင်းစွာနားလည်သဘောပေါက်ခြင်း မရှိသေးပေ။ ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတိုင်း ဝန်ကြီးချုပ်၏ အမိန့်အရပြုပြင်ပြောင်းလဲဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ ကြယ်ငါးပွင့်အဆင့်ရှိစစ်ဦးစီးအရာရှိချုပ်(CDS)အနေဖြင့် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များဆိုင်ရာအဆိုပြုချက်များကို အစိုးရသို့ အမြန်ဆုံးတင်ပြသွားရမည်ဖြစ်သည်။ သို့မှသာလျှင် ကာကွယ်ရေးနှင့်သက်ဆိုင်သော အရေးကြီးအဆိုပြုချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့တိုက်စွမ်းအား အဆင့်ဖော်ပြချက်၌ အိန္ဒိယသည် ကမ္ဘာ့အဆင့်လေးနေရာတွင်လည်းကောင်း၊ တရုတ်နိုင်ငံသည် အဆင့်သုံးတွင်လည်းကောင်း၊ ပါကစ္စတန်သည် အဆင့် ၁၂ တွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကက်ရှ်မီးယားဒေသတွင်း တရုတ်၊ ပါကစ္စတန်တို့နှင့် ပွတ်တိုက်မှုများရှိလာပြီးနောက် ပိုင်းတပ်ဖွဲ့စည်းမှုကို ကြည်း၊ ရေ၊ လေတပ်ဖွဲ့အားလုံး ပါဝင်သည့် စစ်နယ်ဝန်းပုံစံဖြင့် ပြောင်းလဲဖွဲ့စည်းလျက်ရှိသည်။ ထိုသို့ ဖွဲ့စည်းခြင်းအားဖြင့် လိုအပ်သည့် အချိန်တွင် တိုင်းပြည်ကာကွယ်ရေးနှင့် ထိုးစစ်တာဝန်များကို လျင်မြန်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကြယ်ငါးပွင့်အဆင့်ရှိ စစ်ဦးစီးအရာရှိချုပ်(CDS) ခန့်ထားခြင်းအားဖြင့် ကာကွယ်ရေးဆိုင်ရာလိုအပ်ချက်များနှင့် တာဝန်များကို လျင်မြန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း မျှော်မှန်းလုပ်ဆောင်လျက်ရှိပေသည်။

**ကိုးကား**

**– Re-configuring India's Higher Command by The Diplomat.**

# သဘာဝဗိသုကာပညာရှင်များ အပိုင်း(၁)

ခိုင်ဇင်

ငှက်မျိုးစိတ်များစွာဟာ ၎င်းတို့ရဲ့သားပေါက်တွေကို ပြုစုပျိုးထောင်ဖို့အတွက် အမိုးအကာနဲ့ ဘေးကင်းလုံခြုံတဲ့နေရာတစ်ခုအဖြစ် ကိုယ်ပိုင်အသိုက်တွေကို တည်ဆောက်ကြပါတယ်။ ငှက်တွေဟာ ၎င်းတို့ရဲ့ အမျိုးအစား၊ နေထိုင်ရာ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ရာသီဥတုကိုလိုက်ပြီး ငှက်သိုက်ကိုဆောက်ကြတာဖြစ်တဲ့အတွက် ငှက်သိုက်တစ်ခုနဲ့တစ်ခု ပုံစံတွေမတူကွဲပြားကြပါတယ်။ အခုဖော်ပြသွားမှာကတော့ သဘာဝဗိသုကာပညာရှင်ငှက်တို့ရဲ့ အနုပညာလက်ရာအသိုက်တွေထဲက တချို့ကို ထုတ်နုတ်ဖော်ပြသွားမှာဘဲဖြစ်ပါတယ်။

**ဘိုဂဲခေါ့ပ်ဘောင်းဝါငှက်**



ဘိုဂဲခေါ့ပ်ငှက်တွေကို အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း သစ်တောတွေမှာ အများဆုံးတွေ့ရပါတယ်။ ထိုငှက်တွေဟာ ပျမ်းမျှ ၂၁ ကနေ ၃၅ စင်တီမီတာထိ အရွယ်အစားရှိပါတယ်။ ငှက်ဖိုတွေဟာ အမတွေထက် အရွယ်အနည်းငယ်ကြီးပါတယ်။ သံလွင်သီးလို အရောင်အဆင်းရှိပြီး ငှက်ဖိုတွေဟာ ပန်း၊ မှို၊ ရေညှိ၊ အသီးတွေနဲ့ အရောင်အသွေးစုံလင်တဲ့ငှက်သိုက်ဆောက်လုပ်ပြီး ငှက်မတွေကို ဆွဲဆောင်ပါတယ်။ ၎င်းရဲ့ငှက်သိုက်ဟာ တဲအိမ်နဲ့တူပါတယ်။

**ပြောင်လင်းယုန်**



အမေရိကန်ပြည်ထောင်စု၏သင်္ကေတဖြစ်တဲ့ ပြောင်လင်းယုန်ဟာ မြောက်အမေရိကမှာ ကျက်စားတဲ့ သားရဲငှက်ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ထူးခြားတဲ့ အဖြူရောင် ဦးခေါင်း၊ အမြီး၊ အညိုရောင် ကိုယ်ထည်၊ အတောင်များ၊ အဝါရောင်နှုတ်သီးနဲ့ လက်တွေကြောင့် လူသိများပါတယ်။ ပြောင်လင်းယုန်ဟာ ငါးကိုအဓိကစားကြပေမဲ့ ရေငှက်တွေ၊ နို့တိုက်သတ္တဝါငယ်တွေနဲ့ ပိုးမွှားတွေကိုလဲ အမဲလိုက်စားသောက်ကြပါတယ်။ ရေကန်၊ မြစ်၊ ချောင်းအနီးမှာ တွေ့ရှိရတတ်ပြီး အရွယ်အစားအနေနဲ့ တောင်ပံတွေဟာ ၁၅ မှ ၂၄ ပေထိရှိပြီး ၎င်းတို့ရဲ့ တစ်ကိုယ်လုံးအရှည် ဟာ ၂၈ လက်မမှ လက်မ ၄၀ ထိရှိပါတယ်။ တုတ်၊ သစ်ကိုင်းနဲ့ အခြားသဘာဝကရတဲ့ပစ္စည်းတွေနဲ့ အသိုက်ပြုကြပြီး အသိုက်ဟာ အကျယ် ၁၀ ပေနဲ့ ပေ ၂၀ အနက်ရှိကာ အနည်းဆုံး နှစ်တန်ကျော် အလေးချိန်ရှိပါတယ်။

**သစ်တောက်ငှက်**

သစ်တောက်ငှက်အမျိုးမျိုးရှိပါတယ်။ သစ်တောက်ငှက်ဟာ အလျား ၁၃ လက်မ အရွယ်ရှိပါတယ်။ အပေါ်ပိုင်းဟာ အစိမ်းရောင်ရှိပြီး အမြီးပိုင်းမှာ အဝါရောင်တောက်နေပါတယ်။ ငှက်ဖိုရဲ့ ဦးခေါင်းနဲ့ အမောက်ဟာ ကြက်သွေးရောင်ဖြစ်ပြီး အမရဲ့ဦးခေါင်းနဲ့ အမောက်ဟာ မည်းနက်ပါတယ်။ သစ်တောက်ငှက်ဟာ သစ်ပင်ရဲ့ ပင်စည်၊ သစ်ကိုင်းကြီးကြီးတွေမှာ အပေါက်ဖောက်ပြီး အသိုက်လုပ်ကြပါတယ်။ အပေါက်ကို အလျားလိုက် ခပ်နက်နက်ဖောက်လေ့ရှိပြီး ထိုသို့ အပေါက်ဖောက်



ရင်း တစ်ခါတရံ သဘာဝအလျောက်ဖြစ်နေတဲ့ သစ်ခေါင်းပေါက်တွေကိုလဲ အသိုက်အဖြစ် အသုံးပြုလေ့ရှိပါတယ်။

**ပျံလွှားငှက်**

ပျံလွှားငှက်တွေဟာ အန္တာတိကတိုက်ကလွဲပြီး ကမ္ဘာအနှံ့မှာ တွေ့ရှိရတတ်တဲ့ငှက်ဖြစ်ပါတယ်။ ထူးခြားတဲ့ပုံစံရှိပြီး လေထဲမှာ အစာရှာစားသောက်တတ်တဲ့ငှက်လဲဖြစ်ပါတယ်။ အရှည်မှာ ရှစ်လက်မထိ



ရှိပြီး ဝမ်းဗိုက်တွင် ပန်းရောင်ဖျော့ဖျော့အရောင်ရှိပါတယ်။ ပျံလွှားငှက်တွေက အုပ်စုလိုက်နေကြပြီး အမြဲတမ်းပျံသန်းနေတာကို တွေ့ရပါတယ်။ မြေပေါ်တွင် နားနေသည်ကိုတွေ့ရခဲပြီး လယ်ကွင်း၊ ရေပြင်ပေါ်မှာ ပျံသန်းရင်း ပိုးမွှားတွေကို ဖမ်းယူစားတတ်ပါတယ်။ ပျံသန်းရာတွင် အခြားငှက်တွေထက်လျင်မြန်ပြီး ပျံလွှားငှက်မျိုးစိတ်ပေါင်း ၉၀ ခန့်ရှိတယ်လို့သိရပါတယ်။ ၎င်းငှက်တွေဟာ တံတားတွေ၊ စပါးကျီတွေမှာ ရွှံ့ကိုအဓိကအသုံးပြုပြီး အသိုက်ဆောက်လုပ်ကြပါတယ်။

**ဇီးကွက်**



ဇီးကွက်တွေဟာ မျိုးစိတ်ပေါင်း ၂၀၀ ကျော်ရှိပါတယ်။ ဇီးကွက်တွေဟာ ခန္ဓာကိုယ်တည့်မတ်စွာရပ်နိုင်ပြီး ကြီးမားတဲ့ ဦးခေါင်းရှိပါတယ်။ အမြင်အာရုံ စူးရှကောင်းမွန်ပြီး တစ်ကောင်တည်း နေလေ့ရှိပါတယ်။ သားရဲညဥ့်ငှက်တွေလို့ လူသိများပေမဲ့ မြောက်ပိုင်းဒေသက သိမ်းဇီးကွက်နဲ့ မြေအောင်းဇီးကွက်တို့ကတော့ နေ့အချိန် ကျက်စားကြတဲ့ငှက်တွေဖြစ်ပါတယ်။ ဇီးကွက်တွေဟာ နို့တိုက်သတ္တဝါငယ်၊ အင်းဆက်နဲ့ အခြားငှက်ငယ်တွေကို အမဲလိုက်စားသောက်ကြလေ့ရှိပါတယ်။ အချို့မျိုးစိတ်တွေက ငါးကိုအမဲလိုက်ရာမှာလဲ အထူးကျွမ်းကျင်ကြပါတယ်။ ဇီးကွက်တွေဟာ အသိုက်ကို သစ်ကိုင်းခြောက်တွေနဲ့ဆောက်လုပ်လေ့ရှိပြီး သစ်ပင်ကြီးတွေရဲ့ ပင်စည်ခွကြား အထူးသဖြင့် ရေနဲ့နီးစပ်တဲ့နေရာ၊ လူတို့နေထိုင်ရာပတ်ဝန်းကျင်မှာ ဆောက်လုပ်လေ့ရှိကြပါတယ်။

**ပိန်ညင်းငှက်**



ပိန်ညင်းငှက်ဟာ ခန္ဓာကိုယ်အရွယ်အစားသေးငယ်ပြီး အရောင်အသွေးစုံနဲ့ တောက်ပတဲ့ ငှက်မျိုးစိတ်ဖြစ်ပါတယ်။ ၎င်းငှက်မျိုးစိတ်ကို ဥရောပ၊ အာရှနဲ့ အရှေ့တောင်အာရှဒေသတို့မှာ အဓိကတွေ့ရှိရတတ်ပါတယ်။ ပိန်ညင်းငှက်ဟာ မိသားစုအသိုက်အဝန်းနဲ့နေလေ့ရှိပြီး မြစ်ချောင်းများရှိရာဒေသမှာ ငါးတွေကို ကျွမ်းကျင်စွာဖမ်းယူစားသောက်ကြတဲ့ငှက်ဖြစ်ပါတယ်။ ပိန်ညင်းငှက်ဟာ အကြမ်းဖျင်းမျိုးစိတ် ၉၀ ခန့်ရှိပေမဲ့ မျိုးစိတ်အများစုမှာ မျိုးသုဉ်းပျောက်ကွယ်ပြီးဖြစ်ပါတယ်။ ၎င်းတို့ရဲ့ အသိုက်ကိုဆောက်ရာတွင် ဆွေးမြည့်နေတဲ့ သစ်ပင်တွေရဲ့ အခေါင်းပေါက်အတွင်းမှာ တည်ဆောက်တတ်သလို အချို့ငှက်တွေကတော့ ခြစားနေတဲ့ သစ်ပင်တွေမှာ အသိုက်ဖွဲ့နေကြပါတယ်။ အသိုက်ကိုတည်ဆောက်ရာမှာ ရွှံ့ကိုအခြေခံပြီး လုံးဝန်းတဲ့အသိုက်ကို တည်ဆောက်ကြပါတယ်။

**တောစာကလေး**



တောစာကလေးဟာ စာကလေးမျိုးစိတ်ဘဲဖြစ်ပါတယ်။ တောစာကလေးကို စာဘူးတောင်းငှက်လို့လဲခေါ်ပါတယ်။ စာဘူးတောင်းငှက်ဆိုတဲ့ အမည်တွင်လာရတာကတော့ ၎င်းရဲ့အသိုက်ဟာ လည်ပင်းရှည်တဲ့ ဘူးတောင်းကို စောက်ထိုးဆွဲထားတာနဲ့တူတာကြောင့်ဖြစ်ပါတယ်။ စာဘူးတောင်းငှက်သိုက်ကို မြက်၊ သစ်ရွက်တို့နဲ့ ကျွမ်းကျင်စွာရက်ထားတာဖြစ်ပါတယ်။ တောစာကလေးဟာ အုပ်စုနဲ့နေထိုင်တတ်ပြီး လယ်တော၊ မြက်တော၊ စိုက်ခင်းနဲ့ တောစပ်တွေမှာ ကျက်စားလေ့ရှိပါတယ်။ တောစာကလေးကို အာဖရိက၊ အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့မှာ တွေ့ရတတ်ပါတယ်။

ငှက်တွေရဲ့ အသိုက်တည်ဆောက်မှုဟာ အင်မတန်သေသပ်စနစ်ကျတာကြောင့် ငှက်တွေကို "သဘာဝရဲ့ဗိသုကာပညာရှင်" လို့ သတ်မှတ်တင်စားကြလေ့ရှိပါတယ်။ ဘယ်စက်ကိရိယာအကူအညီမှမပါဘဲ အနုစိတ်လှပတဲ့ ၎င်းတို့ရဲ့ငှက်သိုက်တွေဟာ တွေ့မြင်ရသူကို မျက်စိပသာဒဖြစ်ရုံသာမက ဆွဲဆောင်နိုင်လွန်းတဲ့ထိ လက်ရာမြောက်လှပါတယ်။ ဒ့ါပြင် ငှက်တွေရဲ့ ငှက်သိုက်တည်ဆောက်ရာမှာ တုတ်၊ သစ်ရွက်၊ ရွှံ့နဲ့ ပင့်ကူပိုးမျှင်တွေကိုအဓိကသုံးပြီး ၎င်းတို့ရဲ့အသိုက်တွေကို ပုံဖော်ဆောက်လုပ်ကြပါတယ်။ ငှက်တွေရဲ့ ငှက်သိုက်ပြုလုပ်နည်းဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေတဲ့ အလွယ်တကူရနိုင်တဲ့ အရင်းအမြစ်ပစ္စည်းတွေကို အသုံးပြုကာ တည်ဆောက်ထားတာဖြစ်ပါတယ်။ အခုဖော်ပြပေးခဲ့တာကတော့ အနုပညာဆန်တဲ့ ငှက်သိုက်တွေထဲက တချို့ဘဲဖြစ်ပါတယ်။


**ကိုးကား**

– Nature's Architects – How Bird Nests Inspire Architecture.

– When birds build nests, they're also building a culture.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၉၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးမယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သံတောင်ကြီးမြို့နယ် မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး မေ ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နွယ်ဦးမွန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။**ကိုသက်**

# အင်ဒိုနီးရှားနိုင်ငံက ရေထုညစ်ညမ်းမှုဖြစ်စေရန် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သည့် ကုမ္ပဏီ သုံးခုကိုပိတ်ခဲ့



ဂျကာတာ မေ ၂၅

အင်ဒိုနီးရှားနိုင်ငံသည် ရေထုညစ်ညမ်းမှုဖြစ်စေရန် မြစ်များအတွင်း စက်မှုစွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခဲ့သည့် ကုမ္ပဏီသုံးခုကို မေ ၂၃ရက်တွင် ပိတ်ပစ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၄ ရက် သတင်းများအရ သိရသည်။

ပိတ်ပစ်ခဲ့သောကုမ္ပဏီသုံးခုမှာ ဘန်တန်ပြည်နယ်ရှိအထည်အလိပ်စက်ရုံ၊ သံအရည်ကျိုစက်ရုံနှင့် အလူမီနီယံပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံများဖြစ်ပြီး အဆိုပါစက်ရုံများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ မြစ်အတွင်း စွန့်ပစ်ခြင်းကြောင့် ပိတ်ပစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနအနေဖြင့် အဆိုပါကုမ္ပဏီများကို ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်နှင့် ရေထုညစ်ညမ်းမှုကို ထပ်မံဖြစ်စေပါက ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသဘာဝပတ်ဝန်းကျင်ဝန်ကြီး ဟာနစ်ဖီဆိုလ်နာရိုဖစ်က ပြောကြားခဲ့သည်။

"စီရာရပ်မြစ်ထဲ စီးဝင်တဲ့ မြောင်းသွယ်ထဲကို စက်မှုစွန့်ပစ်ပစ္စည်းတွေ စည်းကမ်းမဲ့စွန့်ပစ်ခဲ့တာကြောင့် ရေအရင်းအမြစ်တွေ ညစ်ညမ်းခဲ့ရပါတယ်။ အကြိမ်ကြိမ်သတိပေးခဲ့ပေမဲ့လဲ လိုက်နာမှုမရှိခဲ့တဲ့အတွက် အခုလိုပိတ်ပစ်ခဲ့ရတာပါ။ ၎င်းစက်ရုံတွေရဲ့လုပ်ရပ်က အနီးပတ်ဝန်းကျင်မှာ နေထိုင်သူတွေရဲ့ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေပြီး ရေထုအရည်အသွေးကိုပါကျဆင်းစေခဲ့ပါတယ်"ဟု ဟာနစ်ဖီဆိုလ်နာရိုဖစ်က ပြောကြားခဲ့သည်။

ထိုသို့သောအမှုမျိုးသည် အမှန်တကယ်တရားရင်ဆိုင်ပြီး အရေးယူခံရပါက ငွေဒဏ်နှင့်အတူ အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ ငါးနှစ်ထိ ကျခံရမှာဖြစ်ကြောင်း အင်ဒိုနီးရှားသဘာဝပတ်ဝန်းကျင်ဝန်ကြီး ဟာနစ်ဖီဆိုလ်နာရိုဖစ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယနိုင်ငံတွင် သတ်မှတ်ကာလထက်ပိုစော၍ မိုးရာသီကာလသို့ ဝင်ရောက်လာ

နယူးဒေလီ မေ ၂၅

အိန္ဒိယနိုင်ငံတွင် မိုးရာသီကာလသို့ ဝင်ရောက်နေပြီဖြစ်ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် ကာလထက် အချိန်ရှစ်ရက်စော၍ မိုးရွာသွန်းလာခဲ့ခြင်း ဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၅ ခုနှစ်သည် ၁၆ နှစ်အတွင်း သတ်မှတ်ကာလထက် ပထမဆုံးအကြိမ် မိုးရွာသွန်းမှုစောသည့် နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် ဇွန်လပထမပတ်မှစတင်၍ မိုးရွာသွန်းလေ့ရှိပြီး ၂၀၂၅ ခုနှစ်တွင် မိုးရွာသွန်းမှုမှာပုံမှန်ထက်စော၍ ရွာသွန်းလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်



တောင်သူများအတွက် သတင်းကောင်းတစ်ရပ် ဖြစ်သော်လည်း မိုးရေချိန်မြင့်မားပြီး အဆက်မပြတ် ရွာသွန်းမှုများဖြစ်ပေါ်လာပါက ရေဘေးအန္တရာယ်ကို သတိထားရမည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"ကီရာလာပြည်နယ်မှာ မေ ၂၄ ရက်ကစတင်ပြီးတော့ မိုးရွာသွန်းခဲ့ပါတယ်။ မိုးရာသီစတင်ဝင်ရောက်ပြီဖြစ်ပါတယ်။ ပုံမှန်မိုးရာသီကာလထက် အချိန်ပိုစောပြီး ဝင်ရောက်လာပြီဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်ဟာ ၁၆ နှစ်တာကာလအတွင်း မိုးရာသီအစောဆုံးဝင်ရောက်တဲ့နှစ် ဖြစ်ပါတယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကီရာလာပြည်နယ်တွင် မေ ၂၄ ရက်က မိုးစတင်ရွာသွန်းခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း ကီရာလာပြည်နယ်အပြင် တမီလ်နာဒူပြည်နယ်၊ ကာနာတာကာပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်တို့တွင် မိုးရွာသွန်းတော့မည်ဖြစ်သည်ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းရှီကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြေပြိုမှုဖြစ်ပွားခဲ့

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်းရှီကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂူလင်မြို့ လုံရှန်းကောင်တီတွင် မေ ၂၃ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း မေ ၂၄ ရက်သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုကြောင့် တောင်ကျရေများအရှိန်နှင့် စီးဆင်းခဲ့ရာမှ အဆိုပါကောင်တီ၏ တောင်တန်းများပေါ်မှ ရွံ့မြေများပြိုကျလာခြင်းဖြစ်ပြီး မြေပြိုမှုကြောင့် လူသေဆုံးမှုများ ဖြစ်လာနိုင်ကြောင်း မြို့နယ်ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

မြေပြိုကျမှုကြောင့် လူရှစ်ဦးပျောက်ဆုံးနေပြီး ထိခိုက်ဒဏ်ရာရသူများလည်းရှိကြောင်း၊ မြေပြိုမှုနှင့် အပျက်အစီးများကြား ပိတ်မိနေသောဒေသခံများကို ရှာဖွေကယ်ဆယ်ရန် ကယ်ဆယ်ရေးသမား ၃၀၀ ကျော်ကို စေလွှတ်ထားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိမှာ မြေပြိုမှုကြောင့် လူနေအိမ်များ၊ အခြေခံအဆောက်အအုံများပျက်စီးခဲ့ကြောင်း၊ အဆိုပါအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးအတွက် အချိန်ယူရဦးမည်ဖြစ်ကြောင်းနှင့် လတ်တလောဒေသခံများ နေထိုင်ရေးအတွက် ဘေးလွတ်ရာ နေရာများတွင် ယာယီတဲများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံတွင် ဟာရီကိန်းရာသီအတွင်း ပုံမှန်ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုထက် အကြိမ်ရေပိုများနိုင်ကြောင်း NOAA က ထုတ်ပြန်

ဝါရှင်တန် မေ ၂၅

အမေရိကန်နိုင်ငံတွင် ဇွန် ၁ ရက်မှစတင်၍ ဟာရီကိန်းမုန်တိုင်းဝင်ရောက်တော့မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဟာရီကိန်းမုန်တိုင်းရာသီတွင် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်မှုသည် ယခင်နှစ်များကထက် အကြိမ်ရေ ပိုများလာနိုင်ကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့အစည်း (NOAA) က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းရာသီ ရောက်တိုင်း အတ္တလန္တိတ်သမုဒ္ဒရာမှ ဟာရီကိန်းမုန်တိုင်း စတင်လာခဲ့ခြင်းဖြစ်ပြီး ဟာရီကိန်းမုန်တိုင်းရာသီတွင် ပုံမှန်အားဖြင့် အားကောင်းသည့် အဓိကမုန်တိုင်းမှာ တစ်ကြိမ်မှ သုံးကြိမ်ထိသာ အများဆုံး ဝင်ရောက် တိုက်ခတ်လေ့ရှိသော်လည်း ၂၀၂၅ ခုနှစ်အတွင်း အဓိကမုန်တိုင်းအကြိမ်ရေမှာ သုံးကြိမ်မှ ငါးကြိမ်ထိ ဖြစ်ပေါ်နိုင်ကြောင်း၊ အားအကောင်းဆုံး ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီ ၁၁၁ မိုင်နှုန်းဖြင့် တိုက်ခတ်နိုင်သည့်အတွက် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အဆင့်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ် ဟာရီကိန်းမုန်တိုင်းရာသီအတွင်း ဟာရီကိန်းမုန်တိုင်း ၁၃ ကြိမ်မှ ၁၉ ကြိမ်ထိ ဝင်ရောက်လာနိုင်ကြောင်း NOAA က ထုတ်ပြန်ခဲ့သည်။

"သမုဒ္ဒရာရေမျက်နှာပြင်တွေ ပူနွေးနေတယ်။ ဒါဟာ ဟာရီကိန်းမုန်တိုင်းတွေကို အားကောင်းစေမဲ့ လက္ခဏာဖြစ်ပါတယ်။ ဇွန် ၁ ရက်မှာ ဟာရီကိန်းမုန်တိုင်းရာသီ စတင်ပြီဖြစ်ပါတယ်။ ခန့်မှန်းတိုင်းတာချက်တွေအရ ၂၀၂၅ ခုနှစ်အတွင်း ဟာရီကိန်းမုန်တိုင်းဟာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အကြိမ်ရေထက် ပိုများနိုင်တယ်။ အားကောင်းတဲ့ အဓိက ဟာရီကိန်းမုန်တိုင်းဟာလဲ ၂၀၂၅ ခုနှစ်အတွင်း သုံးကြိမ်ကနေ ငါးကြိမ်ထိ ဖြစ်ပေါ်လာနိုင်တယ်။ ပုံမှန်အားဖြင့် တစ်ကြိမ်ကနေ သုံးကြိမ်လောက်ပဲ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဟာရီကိန်းမုန်တိုင်းအရေအတွက် စုစုပေါင်း ၁၃ ကြိမ်ကနေ ၁၉ ကြိမ်ထိ ဝင်ရောက်လာနိုင်ပါတယ်"ဟု အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့အစည်း (NOAA) မှ ပြောရေးဆိုခွင့်ရှိသူ ဂရေဟမ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ မြေငလျင်ကြောင့် လူနေအိမ်ခြေပေါင်း ၁၀၀ ကျော်ထိ ပျက်စီး

ဂျကာတာ မေ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း ဘင်ကူလူစီရင်စုတွင် မေ ၂၃ ရက်အစောပိုင်းက ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် လူနေအိမ်ခြေပေါင်း ၁၀၀ ကျော်ထိ ပျက်စီးမှုရှိခဲ့ကြောင်း Meteorol-ogy, Climatology, and Geophysics Agency (BMKG) က ထုတ်ပြန်ခဲ့သည်ဟု မေ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပျက်စီးခဲ့သော လူနေအိမ်ခြေများမှ ဒေသခံများမှာ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပြီး ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများအတွက် အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေကြောင်း ဆူမားတြားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မေ ၂၃ ရက် အစောပိုင်းမှာ ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ပြင်းအားများခဲ့တဲ့အတွက် ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေပေါင်း ၁၀၀ ကျော်ထိရှိခဲ့ပါတယ်။ လူနေအိမ်ခြေတွေ ပျက်စီးခဲ့တယ်ဆိုပေမဲ့လဲ ထက်ဝက်လောက်ပဲ ဆိုးဆိုးရွားရွား ပျက်စီးခဲ့တာပါ။ ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေက ဒေသခံအားလုံးကိုတော့ ဘေးလွတ်ရာ ရွှေ့ပြောင်း ပေးထားပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချထားပေးပါတယ်။ အစားအသောက်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလဲ ပြုလုပ်ပေးနေပါတယ်"ဟု ဘင်ကူလူစီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဟဲလ်မီဟာဆန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများ

**ပေါက်ပေါက်**



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်များအရ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသများတွင် မေ ၁၃ ရက်မှာ စတင်ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့ကို မေ ၁၃ ရက်မှ ၁၇ ရက်အတွင်းမှာလည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းကို မေ ၂၁ ရက်တွင် လည်းကောင်းနှင့် အထက်ပိုင်းဒေသတို့ကို မေ ၂၅ ရက်တွင် ဝင်ရောက်ခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်း နှစ်စဉ် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်းကိုလေ့လာသိရှိကြစေပြီး ကြိုတင်ကာကွယ်နိုင်ကြပါစေကြောင်း အောက်ပါအတိုင်းရေးသားဖော်ပြလိုက်ရပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ။**

မိုးရာသီရောက်တိုင်း နှစ်စဉ်ကူးစက်ပြန့်ပွားနေကျရောဂါဆိုးတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာသည်။ မကြာမီ ရေပြန်ကျသွားသောအခါ အညစ်အကြေးအနယ်အနှစ်များ တင်ကျန်ရစ်ခဲ့ပြီး Vibiro Chol–erae ခေါ် ဝမ်းရောဂါဖြစ်စေသော ကူးစက်ရောဂါပိုးမွှားတို့ ပေါက်ပွားမှုများပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လာရသည်။ ထို့ပြင် မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကလည်း ရောဂါပိုးကူးစက်ခံရရန် သေချာသလောက်ဖြစ်သည်။ မသန့်ရှင်းသည့်အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့်လမ်းဘေးအစားအစာများစသည်တို့ကို အထူးသတိပြုရှောင်ရှားရပါမည်။ မရှောင်နိုင်ပါကနောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့်အစာအဆိပ်သင့်ခြင်းအတွက် စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသောရင်ခွင်ပိုက်ကလေးများ၊ကျောင်းနေရွယ်ကလေးများနှင့်သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။ ကမ္ဘာပေါ်တွင်နှစ်စဉ် ဝမ်းရောဂါဖြစ်ပွားသူသုံးသန်းမှ ငါးသန်းအထိရှိပြီး ၎င်းတို့အနက် တစ်သိန်းသည် ဝမ်းရောဂါကြောင့် သေဆုံးကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာထားသည်။

နာရီပိုင်းအတွင်း ဆန်ဆေးရည်အရောင်ကဲ့သို့ ဖြူကျဲကျဲ ဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ်တစ်နေ့တည်းမှာပင် သုံးကြိမ်နှင့်အထက် ဝမ်းအရည်သက်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မိုန်း၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာမသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအငမ်းမရသောက်ပြီးနောက် ထိုရေအတိုင်းဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်းစသည့်ရောဂါလက္ခဏာများပြနေပါက ဓာတ်ဆားရည်များများသောက်ပြီး နီးစပ်ရာဆေးရုံဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသင့်သည်။ အခြားသူများသို့ ဝမ်းရောဂါမကူးစက်စေရန် ဝမ်းသွားပြီးတိုင်းသန့်စင်ခန်း(အိမ်သာ)ကို ရေနိုင်နိုင်လောင်းချရပါမည်။ ဝမ်းပျက်ဝမ်းလျှောခြင်းကိုထိရောက်စွာကုသမှုမခံယူပါက ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံး၍သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်ပါသည်။ လုံးဝ မပေါ့ဆသင့်ပေ။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါ။**

မိုးရာသီရောက်တိုင်း အရွယ်သုံးပါးမရွေးကြုံတွေ့ရသည့်ကူးစက်ရာသီရောဂါတစ်မျိုးဖြစ်ပါသည်။ "အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါအစမိုးမိခြင်းက" ဟုမှတ်သားသင့်သည်။ ထို့ကြောင့် မိုးမိလာပါက ရေစိုအဝတ်များချက်ချင်းလဲလှယ်ပါ။ ဆံပင်စိုများကို ခြောက်သွေ့အောင်လုပ်၍ နွေးနွေးထွေးထွေးဖြစ်အောင်ရေနွေးပူသောက်ပါ။ ရုံး၊ ကျောင်း၊ ဘတ်စ်ကား၊ မီးရထား၊ လေယာဉ်ကွင်း၊ ရုပ်ရှင်ရုံ၊ တရားစခန်းစသည့် လူဦးရေထူထပ်သောနေရာများတွင် ကိုယ်ခံအားမကောင်းသူများမှာ ကူးစက်ပြန့်ပွားနိုင်ခြေအလားအလာများသည်။ အအေးမိဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်ငြား၊ အဖျားပျောက်ပြီးနောက် ချောင်းအစို(ချွဲပါသောချောင်းဆိုးခြင်း) တဟွတ်ဟွတ်စွဲကျန်ရစ်ခဲ့ပါသည်။ တခြားသူများကို ဆက်လက်မကူးစက်မိအောင် လက်ကို စင်ကြယ်စွာဆေးကြောပါ။ နှာချေချောင်းဆိုးသည့်အခါတစ်ခါသုံးတစ်ရှူးသုံး၍ စနစ်တကျစွန့်ပစ်ပါ။ အထူးသဖြင့် ကိုယ်ခံအားနည်းသောကလေးများနှင့်သက်ကြီးရွယ်အိုများမှာ ဗိုင်းရပ်စ်ပိုးကူးစက်လွယ်၍ အချိန်မရွေးဖျားနာတတ်သဖြင့် အအေးမိတုပ်ကွေးဖျားနာရောဂါပျောက်ဆေးများအိမ်မှာအသင့်ဆောင်ထားခြင်း၊ ကိုယ်ခံအားကောင်းစေရန် ဗီတာမင်စီဆေးပြားများသောက်ခြင်း၊ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သောဟင်းသီးဟင်းရွက်များစားသုံးခြင်း၊ချိုချိုချဉ်ချဉ် အရည်ရွှမ်းသောလိမ္မော်သီးစားခြင်း၊ ဖျော်ရည် အအေးများနှင့် ဆီကြော်အစားအစာများရှောင်ခြင်း၊ နေ့စဉ်သွားလာနေကြသော ရုံးသူရုံးသား၊ကျောင်းသူကျောင်းသားများအနေဖြင့် အဝတ်အစားတစ်စုံ အပိုဆောင်ထားခြင်းစသည်ဖြင့်ကြိုတင်ကာကွယ်သင့်သည်။

**တုပ်ကွေးရောဂါ။**

တုပ်ကွေးရောဂါသည် မိုးရာသီနှင့် မိုးမှဆောင်းရာသီအကူးအပြောင်းအချိန်များတွင် အများဆုံးဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုးများကြောင့် ရောဂါဖြစ်လာရသည်။တုပ်ကွေးရောဂါကိုဖြစ်စေသောဗိုင်းရပ်စ်များကိုအေ၊ ဘီ၊ စီဟူ၍ အုပ်စုသုံးစုခွဲထားပြီး ၎င်းတို့အနက် (အေ)အုပ်စုတွင်ပါဝင်သော ဗိုင်းရပ်စ်ပိုးများက အများဆုံးဒုက္ခပေးသည်။ အချိန်ပိုင်း၊ ရက်ပိုင်းအတွင်း အိမ်လုံးကျွတ်၊ ရွာလုံးကျွတ်ဆိုသကဲ့သို့ လူအစုလိုက်အပြုံလိုက်လျင်မြန်စွာကူးစက်စေသည်။ မြန်မာနိုင်ငံတွင် ဗိုင်းရပ်စ်(အေ)ကြောင့်ဖြစ်သော တုပ်ကွေးရောဂါသည် အများဆုံးဖြစ်သည်။ လူအများစုက ရပ်ကွက်အတွင်းရှိဆေးဆိုင်တွင် အလွယ်တကူဝယ်ယူနိုင်သော စပ်ဆေးတို့ကိုမိမိသဘောဖြင့် သောက်ကာ လက်ပူတိုက်ကုကြသည်။ သို့သော် ရောဂါမှာတော်တော်နှင့်မပျောက်ကင်းနိုင်ဘဲရောဂါပြင်းမှသာ ဆေးရုံဆေးခန်းသို့ရောက်လာတတ်သည်။ အခန့်မသင့်ပါက အသက်ဆုံးရှုံးရနိုင်သည့် သာဓကများတွေ့ရသည်။ တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက်ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်သည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာမွန်၊ ချောင်းဆိုး၊ တစ်ကိုယ်လုံးရှိအသားများ၊ အဆစ်အမျက်များနာကျင်ကိုက်ခဲစေခြင်း၊ အင်အားကုန်ခမ်းမောပမ်းခြင်းနှင့် အစားအသောက်ပျက်ခြင်းတို့သည် တုပ်ကွေးလက္ခဏာများဖြစ်ကြသည်။

နောက်ဆက်တွဲရောဂါများအဖြစ် အသက်ရှူပြွန်ရောင်ခြင်း၊ နမိုးနီးယား ခေါ် အဆုတ်ရောဂါဖြစ်ခြင်း၊ အာခေါင်အတွင်းရှိ အာသီးများရောင်ခြင်း၊ အာသီးရောင်ခြင်းမှအစပြု၍ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများလှုပ်ရှားမှုအားနည်းခြင်းတို့ဖြစ်သည်။ တုပ်ကွေးရောဂါသည် အသက်ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်သည်။ ထိုအရွယ်ရင်သွေးငယ်များအတွက် မိုးဦးကျမတိုင်မီတည်းက တစ်နှစ်တစ်ကြိမ်တုပ်ကွေးကာကွယ်ဆေးကြိုတင်ထိုးနှံပေးသင့်သည်။ လူကြီးလူငယ်မရွေးရောဂါဖြစ်နိုင်ပြီး အကယ်၍အဆုတ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့်ရေဓာတ်ခမ်းခြောက်ရောဂါအခံရှိသူများမှာ တုပ်ကွေးရောဂါဖြစ်လာပါက အသက်အန္တရာယ်ဖြစ်နိုင်သည်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်၍ လူနာကိုထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့် သလိပ်ကိုထိတွေ့မိခြင်း၊ လူနာဆီမှနှာချေချောင်းဆိုးစကားပြောစဉ်ဗိုင်းရပ်စ်ပါလာသောလေများကို ရှူရှိုက်မိရာကတစ်ဆင့် အလွယ်တကူကူးစက်နိုင်ပါသည်။ ထို့ကြောင့် သတိနှင့်ယှဉ်၍ကာကွယ်ခြင်းဖြင့် လက်ဦးမှုကိုအရယူပါ။ နို့တိုက်မိခင်များတုပ်ကွေးရောဂါဖြစ်လာပါက ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ကလေးနို့တိုက်ပါ၊ နို့တိုက်ချိန်မှလွဲ၍ ကလေးနှင့် နီးနီးကပ်ကပ် မနေပါနှင့်။

**သွေးလွန်တုပ်ကွေးရောဂါ။**

မြန်မာနိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်မားသည့်နိုင်ငံများထဲတွင်တစ်ခုအပါအဝင်ဖြစ်ပြီး ပြည်တွင်း ၌ ၁၉၆၅ ခုနှစ်ကစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာခဲ့သည်။ ၎င်းရောဂါသည် မြန်မာပြည်တွင်းတစ်နှစ်ပတ်လုံးဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး အထူးသဖြင့် မိုးရာသီမှာအဖြစ်များသည်။ စစ်တမ်းများအရအသက် သုံးနှစ်မှ ရှစ်နှစ်အရွယ်မှာ ရောဂါအဖြစ်အများဆုံး တွေ့ရသည်။ အသက် ၁၅ နှစ်အောက်ဖြစ်ပွားနှုန်းများသည့်အပြင် လူကြီးများတွင်လည်းဖြစ်နိုင်၍ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အပိုင်းအခြားမရှိဖြစ်တတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ နှစ်ရက်သုံးရက်အတွင်း အပြင်းဖျားကာပျို့အန်ခြင်းပြီး ခန္ဓာကိုယ်အနှံ့ အနီစက်များထွက်ရှိလာသည်။ ဆေးရုံဆေးခန်းသို့ မသွားခင်ဓာတ်ဆားရည်သောက်ပါ၊ ပါရာစီတမောလ် (အကိုက်အခဲပျောက်ဆေး) သောက်ပါ။ ရောဂါစဖြစ်ချိန်မှစ၍ သုံးရက်မှ ငါးရက်အတွင်း ဆက်လက်ကိုယ်ပူနေခြင်း သို့မဟုတ် တစ်လှည့်စီဖြစ်ခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ မကြာခဏဆိုသလိုအညိုရောင်အရည်အော့အန်ခြင်း၊ မိုန်းနေခြင်း၊ ကတ္တရာစေးအရောင်ကဲ့သို့ ဝမ်းမည်းသွားခြင်းစသည့်သွေးလန့်လက္ခဏာများဖြစ်ပေါ်လာပါက အချိန်မဆိုင်းဘဲ ဆရာဝန်နှင့်ပြပါ။

သွေးလွန်တုပ်ကွေးရောဂါသည် ၎င်းရောဂါပိုးသယ်ဆောင်လာသော ခြင်ကျားကိုက်ခံရခြင်းမှကူးစက်ပြန့်ပွားလာပြီး အထိရောက်ဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရစေဖို့ဖြစ်သည်။ ထို့ကြောင့် အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ခြင်ထောင်ကို ခြောက်လတစ်ကြိမ်ဆေးစိမ်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်း အိမ်ပြင်သန့်ရှင်းရေးပြုလုပ်၍ စွန့်ပစ်ပစ္စည်းများကိုမြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်း၊ ခြံတွင်းခြံပြင် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ကိုယ်ထူ ကိုယ်ထ ဖုံး–သွန်–လဲ–စစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းစသည်တို့ပြုပေးသင့်သည်။ ထို့ပြင် ခြင်မခိုအောင်းရန် ဘုရားပန်းအိုးများနေ့စဉ်ရေသစ်လဲခြင်း၊ ခြံထဲရှိအသုံးမပြုဖြစ်သော ပန်းအိုးအခွံ (အလွတ်)များကို မှောက်ထားခြင်း၊ ရေသွန်ရန်အခက်အခဲရှိသော အုတ်ကန်၊ ရေစည်၊ ရေကန်များထဲသို့ ပိုးလောက်လမ်းစားသော ငါး သို့မဟုတ် အဘိတ်ဆေးထည့်ခြင်းပြုပါ။

**ရာသီတုပ်ကွေး H1N1 ရောဂါ။**

Influenza Type A(H1N1) pdm 09 ရောဂါသည် လူတွင်သာ ဖြစ်ပွားတတ်သောရာသီတုပ်ကွေးရောဂါဖြစ်ပြီး၊ ကြက်၊ ငှက်၊ ဝက်တို့မှလာသော ရောဂါပိုးမဟုတ်ပါ။ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးများတွင် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် H1N1 တုပ်ကွေးရောဂါကို ၂၀၀၉ ခုနှစ်မှာ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ အများဆုံးဖြစ်ပွားခဲ့ကာ H1N1 ရောဂါပိုးတွေ့ရှိသူ ၂၃၂ ဦးထိရှိခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်ရာသီတုပ်ကွေးပြင်းထန်စွာခံစားရသူ သုံးသန်းမှ ငါးသန်းထိရှိပြီးသေဆုံးသူ နှစ်သိန်းခွဲမှ ငါးသိန်းထိရှိကြောင်း လေ့လာသိရသည်။

အချုပ်ဆိုသော် မြန်မာပြည်၏ မိုးရာသီတွင်ဖြစ်တတ်သော ရောဂါများမှာ လွန်စွာများပြားလှသည်။ အထက်ပါရောဂါများအပြင် အစာအဆိပ်သင့်ခြင်း၊ အူရောင်ငန်းဖျား၊ အအေးမိပြီး လေဖြတ် လေငန်းရောဂါများလည်း ဖြစ်တတ်သည်။ ရောဂါဖြစ်လာမှကုသခြင်းထက် မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံး ဖြစ်သည်။ သို့ပါ၍ မိမိနှင့် မိသားစု၊ မိမိပတ်ဝန်းကျင်မှသည် လူထုအားလုံး ကျန်းမာရေးအသိအမြင်ဖြင့် သတိရှိစွာနေထိုင်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

# ဝန်ထမ်းအလိုရှိသည်

၁။ ဆန်းသစ်ပါဝါ စက္ကူစက်ရုံတွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်-

| | | |
|---|---|---|
| (က) ထုတ်လုပ်ရေးမန်နေဂျာ | အမျိုးသား/အမျိုးသမီး | (၁)ဦး |
| (ခ) HR/ Admin Manager | အမျိုးသား/အမျိုးသမီး | (၂)ဦး |
| (ဂ) Electrical Power | အမျိုးသား | (၂)ဦး |
| (ဃ) Maintenance | အမျိုးသား | (၂)ဦး |
| (င) Cashier | အမျိုးသမီး | (၂)ဦး |
| (စ) loader/Forklift Operator | အမျိုးသား | (၂)ဦး |
| (ဆ) Security | အမျိုးသား | (၃)ဦး |

၂။ အထက်ပါ ရာထူးအတွက် လိုအပ်သော အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ထုတ်လုပ်ရေးမန်နေဂျာအတွက် လိုအပ်သောအရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) B.E(Mechanical)၊ A.G.T.I(Mechanical) ဘွဲ့ရရှိသူဖြစ်ရမည်။

(၂) စက္ကူထုတ်လုပ်ရေးလုပ်ငန်း (သို့မဟုတ်) စက်မှုလုပ်ငန်းတွင် အနည်းဆုံး (၅-၁၀)နှစ် အတွေ့အကြုံရှိရမည်။

(၃) ထုတ်လုပ်မှုအဖွဲ့ကို ဦးဆောင်နိုင်သော စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။

(၄) စက်ကိရိယာပြုပြင်ထိန်းသိမ်းမှုအချိန်ဇယားများကို ကြီးကြပ်ပြီး Downtime အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရမည်။

(ခ) HR/Admin ရာထူးအတွက် ဘွဲ့တစ်ခုရရှိပြီး HR နှင့်ပတ်သက်သော Diploma (or) Certificate Computer Microsoft Office (Word, Excel, Power point, Internet and Email)ကောင်းမွန်စွာအသုံးပြုနိုင်ရမည်။ HR Function များကို ကျွမ်းကျင်စွာအကောင်အထည်ဖော်နိုင်ရမည်။ ပြင်ပ ရုံး/အဖွဲ့အစည်းများနှင့် ဝင်ထွက်သွားလာ ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ယာဉ်/ယန္တရားများအား ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

(ဂ) Electrical Power အတွက် BE/AGTI(EP) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် (၃၀-၅၀)နှစ်အတွင်း ရှိသူဖြစ်ရမည်။ သက်ဆိုင်ရာရာထူးအတွက် လုပ်သက်အနည်းဆုံး (၅)နှစ် အထက်ရှိရမည်။ Schedule အတွင်း ချမှတ်ထားသော Phase အလိုက် Plan ချခြင်း၊ တာဝန်ပေးထား သော Project များကို အချိန်မီပြီးစီးအောင် စီမံညွှန်ကြားနိုင်သူဖြစ်ရမည်။ Communication ကောင်းမွန်ပြီး Team Work ဖြင့် လုပ်ဆောင်တတ်ရမည်။

(ဃ) Maintenance ရာထူးအတွက် BE/AGTI(MP) နှင့် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် (၃၀-၅၀)နှစ်အတွင်းရှိသူဖြစ်ရမည်။ သက်ဆိုင်ရာ ရာထူးအတွက် လုပ်သက်အနည်းဆုံး (၅)နှစ်အထက်ရှိရမည်။ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စက်အပိုပစ္စည်းများ၊ ထိန်းသိမ်းဖြည့်တင်းခြင်းဆောင်ရွက်ရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား နေ့စဉ်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်စစ်ဆေးခြင်း များအား ဂရုတစိုက်ရှိရန်၊ ပျက်စီးသွားသော အစိတ်အပိုင်းများအား လဲလှယ်ခြင်း၊ ပြုပြင်ခြင်းများကို ဦးဆောင်ရန်၊ လုပ်ငန်းလည်ပတ်နေစဉ် စက်များ ရုတ်တရက် ရပ်တန့်သွားခြင်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်။

(င) Cashier ရာထူးအတွက် ဘွဲ့တစ်ခုရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ငွေကို သေချာစွာစိစစ်ကိုင်တွယ်နိုင်ရမည်။ Cashier လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရမည်။

(စ) Loader/ Forklift ရာထူးအတွက် အသက် (၂၅)နှစ်အထက်ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ Reach Stacker ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နေ့/ည အလှည့်ကျ အလုပ်ဆင်းနိုင်ရမည်။ လုပ်ငန်းချိန်အတွင်း အသောက်အစားကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ စိတ်ရှည်သည်းခံတတ်သူဖြစ်ရမည်။

(ဆ) Security ရာထူးအတွက် လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် (၂၅ မှ ၄၀)ကြားရှိသူဖြစ်ရမည်။ လုပ်ငန်းတွင် အချိန်ပြည့်ကြီးကြပ်ကွပ်ကဲ နိုင်သူဖြစ်ရမည်။ နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ကျန်းမာသွက်လက်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ချိန်အတွင်း အရက်/ဆေးလိပ်/ကွမ်းမစားသူဖြစ်ရမည်။ ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ **လစာနှင့် အကျိုးခံစားခွင့်**

အထက်ပါ ရာထူးများအားလုံးအတွက် လစာညှိနှိုင်း၊ ဥပဒေပါအတိုင်း ပိတ်ရက်/နားရက် ဆေးကုသခွင့်အားလုံး အကျိုးခံစားခွင့်ရှိသည်။

၄။ **လျှောက်ထားလိုသူများသည်** ပညာအရည်အချင်းဆိုင်ရာ အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ပတ်စပို့ဓာတ်ပုံ (၁)ပုံတို့နှင့်အတူ **အမှတ်(မ/၀)တမာတန်းလမ်း၊ ဗားကရာကျောင်းတောင်ဘက်မုဒ်၊ မှန်တန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၂-၄၀၇၀၁၄၄၊ ၀၉-၂၅၉၁၀၀၅၆၇၊ ၀၉-၉၆၇၇၇၆၆၆၀** သို့ ယခုကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၉၅၀၀ စိုက်ပျိုးမည်



**တမူး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၉၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက၁၂၈၀၀၊ တမူးမြို့နယ်တွင် ဧက ၁၅၅၈၀၀ နှင့်ခါမ်းပါတ်မြို့တွင် ဧက ၂၁၀၄၀ စုစုပေါင်း ဧက ၄၉၅၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ်ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပုသိမ်ကြီး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သံဘိုကျွန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း( VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၄ ရက်နံနက်ပိုင်းက သံဘိုကျွန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)သည် ကျေးရွာ၏ လိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်များဖြင့် ဆောင်ရွက်ခွင့်ရှိသော စီမံကိန်းဖြစ်ကြောင်း၊ ကျေးရွာ၏ ပကတိလိုအပ်ချက်ကို ဖော်ထုတ်ခွင့်ရရှိ၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို စနစ်တကျ စုပေါင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းများရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၁၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

5 Digits အောင်ဘာလေအွန်လိုင်းသိန်းဆုထီ Application ကို ဘယ်လို Install လုပ်မလဲ ?

5 Digits အောင်ဘာလေ အွန်လိုင်းထီ

အဆင့် (၁)

iPhone ဆိုပါက Apple Store ကိုသွားပါ။

Android phone ဆိုပါက Play Store ကိုသွားပါ။


အဆင့် (၂)

Search Box တွင် Aung Bar Lay ဟု ရိုက်ရှာပါ။

Aung Bar Lay

အဆင့် (၃)

Get / Install ကိုနှိပ်ပါ။



aungbarlay.ird.gov.mm

မင်္ဂလာပါ

Call Center 777 (or) 09 677 000 777


## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာအထက စတုတ္ထတန်းတွင် ပညာသင်ကြားမည့် မအိမ့်ဖူးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်မင်းသန်းဖြစ်ပါကြောင်း။

ဦးညွန့်မင်းသန်း(၉/ပသက(နိုင်)၀၈၂၁၅၂)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး။**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည် ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အမှတ်(၁)ဂိတ်အဝင် ကြိုးတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများတွင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁) ဂိတ်အဝင် ကြိုးတံတားနှင့် မုခ်ဦး၊ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☆